မှန်

The Mirror

၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ သောကြာနေ့၊ (7-5-2004) (၄၂၂၆)

ယနေ့ထုတ်စောင်ရေ ၁၉၆၈၁၀

ကတညုတာ
စတံ မင်္ဂလ မုတ္တမံ

သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့တပ်မတော်က ပြည်သူနှင့်လက်တွဲပြီး နိုင်ငံတော်ကို တည်ဆောက်နေခြင်းသည် ရှသန်းကျော်သော ပြည်သူများအတွက်သာမက နောင်သားစဉ်မြေးဆက်အတွက်ပါ ဆောင်ရွက်နေခြင်းဖြစ် ပြည်တွင်းပြည်ပ ရန်စွယ်မှန်သမျှ တွန်းလှန်ချေမှုန်းရေး ပြည့်အင်အားသည် ပြည်တွင်းမှာပဲရှိ နိုင်ငံတော်ကြီး အစဉ်အမြဲ အေးချမ်းသာယာ တည်ငြိမ်နေရေးအတွက် သတိတရား အမြဲလက်ကိုင်ထား

ရန်ကုန် မေ ၆

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၇) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ရဲဘော်တို့-

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၇) သင်တန်းဆင်းပွဲ အခမ်းအနားမှာ ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့ဟာ တပ်မတော်ထဲကို အခြားအဆင့်မှ စတင်ဝင်ရောက်ခဲ့ကြပြီး စိတ်ဓာတ်နဲ့ စည်းကမ်းကောင်းမွန်ခြင်း၊ ကြိုးစားအားထုတ်မှု ကောင်းမွန်ခြင်းတို့ကြောင့် သတ်မှတ်အရည်အချင်းနဲ့ ကိုက်ညီလာပြီး ချီးမြှင့်မှုတစ်ရပ်အနေနဲ့ ဗိုလ်လောင်းသင်တန်း တက်ရောက်ခွင့်ကို ရရှိခဲ့ကြသူတွေ ဖြစ်တယ်။ ယနေ့ဆိုရင် ပြန်တမ်းဝင်အရာရှိများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းကို ခံယူကြရတော့မှာ ဖြစ်တယ်။

ရဲဘော်တို့-

တို့တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ သန္ဓေတည်ပေါက်ဖွားခဲ့ပြီး မွန်မြတ်သော အစဉ်အလာ(၁၂)ရပ်နဲ့ ပြည့်စုံတဲ့ တပ်မတော်ဖြစ်တယ်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၇-၅-၂၀၀၄
(သောကြာနေ့)

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အဖိုးတန်သယံဇာတများ ထိန်းသိမ်းစောင့်ရှောက် ဒေသဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီကြိုးပမ်း

မြန်မာနိုင်ငံသည် ပြည်ထောင်စုတိုင်းရင်းသားများဖြင့် ဖွဲ့စည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုကြီး အခွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာရန် အထူးလိုအပ်သည်။

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ သဘာဝရာသီဥတု ကောင်းမွန်ပြီး အဖိုးတန်သဘာဝသယံဇာတများ ပေါများကြွယ်ဝသောနိုင်ငံဖြစ်ရာ တိုင်းရင်းသားပြည်သူများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်သူတို့၏ ပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်ပိုင်းမှ တာဝန်ရှိသူများကိုယ်တိုင် ပြည်နယ်နှင့်တိုင်းဒေသများသို့သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် မေလ ၄ ရက်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နှင့် မဘိမ်းမြို့တို့သို့သွားရောက်၍ မြို့နယ် ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးဖွယ်ရာများကို ဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ်အတွင်း မဘိမ်းမြို့သို့ရောက်ရှိစဉ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာတွင် **နိုင်ငံတော်၏ ရည်မှန်းချက်များ၊ ချမှတ်ထားသည့် စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ပေါ်လာရေးမှာ မြို့နယ်အဆင့် ဌာနဆိုင်ရာများသည် အဓိကကျကြောင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသနေ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့၏ ပင်မလုပ်ငန်းတာဝန်များကို စေတနာအား၊ ဝီရိယအားပေါင်းစပ်ပြီး အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း** မှာကြားသွားသည်။

မိုးမိတ်လွင်ပြင်သည် ကျယ်ပြန့်ပြီး ရေ၊ မြေ၊ သဘာဝသယံဇာတများ ကြွယ်ဝသည်။ စိုက်ပျိုးရေးတွင် ဝမ်းစာဖူလုံမှု ရှိသော်လည်း အရည်အသွေးကောင်း စပါးမျိုးများ တိုးမြှင့်စိုက်ပျိုးရန် လိုအပ်မည်ဖြစ်သည်။ ထို့အပြင် မြို့နယ်အတွင်းရှိ သစ္စာသယံဇာတများနှင့် ကြိုးဝိုင်းသစ်တောများ ထိန်းသိမ်းရေး၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်က မဘိမ်းမြို့နယ်တွင် ငါးအိုးတံတားကြီးကို တည်ဆောက်ပေးထားသည်ဖြစ်ရာ ဒေသနေပြည်သူများအတွက် ကုန်စည်ကူးသန်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လျက်ရှိသည်။ မြို့နယ်အတွင်း ရေ၊ မြေ၊ သဘာဝရာသီဥတု ကောင်းမွန်သဖြင့် ဒေသဝမ်းစာဖူလုံသည့်အပြင် ပိုလျှံမှုရှိသည်။ ဆန်စပါးသာမက အခြားသီးနှံများလည်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။

ထို့အပြင် မဘိမ်းမြို့နယ်အတွင်း အဖိုးတန် ကျွန်းသစ်တောများ ရှိသဖြင့် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ ဘိုးဘွားများလက်ထက်က ပြုစုပျိုးထောင်စိုက်ပျိုးခဲ့သည့် အဖိုးတန်သစ်တောသယံဇာတများ သားစဉ်မြေးဆက်တိုင် အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် စနစ်တကျ သစ်ထုတ်လုပ်ခြင်း၊ ပြန်လည်အစားထိုး စိုက်ပျိုးခြင်းလုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက မိမိတို့ မြို့နယ်အတွင်းရှိ အဖိုးတန်သယံဇာတ သစ်တောများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယသံအမတ်ကြီး ဂါရဝပြုတွေ့ဆုံ

ရန်ကုန် မေ ၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia သည် ယနေ့နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်၍ ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအစည်းအဝေးဂုဏ်ပြု ငွေလှူဒါန်း

ရန်ကုန် မေ ၆

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ငွေလှူဒါန်းပွဲကို ယနေ့ နံနက် ၁၀နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ငွေလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်-တင်ခ)နှင့် ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း)(မြင်းမူမောင်နိုင်မိုး) စာတည်းမှူးချုပ် နိုင်ငံ့ဂုဏ်ရည်စာစောင်တို့ထံ ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

မိုးထစ်ချုန်းရွာနိုင်
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့
မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ၂၀၀၄ ခုနှစ်
မေလ(၁၁)ရက်မှ(၁၃)ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ဝင်များနှင့် လေ့လာသူများ မေ ၁၀ရက်တွင် သတင်းပို့ရန်နှိုးဆော်

ရန်ကုန် မေ ၆

၂၀၀၄ခုနှစ် မေ ၁၁ရက်မှ ၁၃ရက်အထိ ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ကျင်းပမည့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့တက်ရောက်ကြမည့် ဗဟိုဦးစီးအဖွဲ့ဝင်များနှင့် လေ့လာသူများသည် မေ ၁၀ရက်(တနင်္လာနေ့) ညနေ ၄နာရီနောက်ဆုံးထား၍ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီရုံးသို့ သတင်းပို့ကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း သိရသည်။ (သတင်းစဉ်)

Computer Worm သတိပေးချက်ထုတ်ပြန်

ရန်ကုန် မေ ၆

Sasserအမည်ရှိ Computer Wormတစ်မျိုးသည် မေလဆန်းမှစ၍ အင်တာနက်မှတစ်ဆင့် ကွန်ပျူတာများပေါ်တွင် ပျံ့နှံ့လျက်ရှိသည်။ ၎င်းတွင် Sasser A.B.C.နှင့် Dဟူ၍ မျိုးကွဲလေးမျိုးရှိသည်။ ကွန်ပျူတာ Virus ကာကွယ်ရေးကုမ္ပဏီများ၏ ခန့်မှန်းချက်အရ ကမ္ဘာတစ်ဝန်းလုံးတွင် ကွန်ပျူတာတစ်သန်းကျော်ကို ထိခိုက်စေခဲ့ကြောင်း သိရှိရသည်။ ဤ Wormများသည် ကွန်ပျူတာစနစ်ထဲရှိ အချက်အလက်များကို ဖျက်ဆီးခြင်းမရှိသော်လည်း ကွန်ပျူတာလုပ်ငန်းစွမ်းဆောင်မှုကိုနှောင့်နှေးစေသည်။ ကွန်ပျူတာ Virus များမှာ e-mailကို ဖွင့်လိုက်ခြင်းကဲ့သို့သော လူ၏ လုပ်ဆောင်ချက်တစ်ခုခုကြောင့်သာ ပြန့်ပွားနိုင်သော်လည်း Worm များမှာ ကွန်ပျူတာ Operation System ၏ အားနည်းချက်ကို ရှာဖွေ၍ အလိုအလျောက်ပြန့်ပွားနိုင်သည်။ ၎င်း Sasser Wormကို ဖယ်ရှားရန်အတွက် McAfeeနှင့် Norton Websiteများမှ ၎င်း Wormကို ဖယ်ရှားသည့် Softwareကို Download ပြုလုပ်ပြီး ဖယ်ရှားနိုင်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ထံမှ သတင်းရရှိသည်။ (သတင်းစဉ်)

(၃)ရန်ပြေရပ်ကွက် မလွန်ဆန်လူသင်းထောက် တရားပွဲကျင်းပမည်

ရန်ကုန် မေ ၆

သာကေတမြို့နယ် (၃)ရန်ပြေရပ်ကွက် မလွန်ဆန်လူသင်းထောက်တရားပွဲကို (၃)ရန်ပြေမာဃဆွမ်းလောင်းမဏ္ဍပ်ကြီး၌ မေ ၅ ရက်မှ ၁၄ရက်အထိ ကျင်းပမည်ဖြစ်ရာ မလွန်ဆန်လူတရားပွဲသို့ အရှင်သောဘဏ(ရွှေမြင့်မိုရ်)၊ အရှင်စန္ဒဓောတိ(စစ်ကိုင်းတောင်)၊ အရှင်တေဇနိယ(သစ္စာဝါဒီ)၊ အရှင်ကောမုဒိဝရ(ဇေယျမင်္ဂလာ)၊ အရှင်ဝါယမ(စစ်ကိုင်း)နှင့် အရှင်ပညာနန္ဒ(သီတဂူကြာတစ်ပွင့်)အရှင်သူမြတ်တို့က ညစဉ် ၇ နာရီမှစတင်၍ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ(၅၂)

ပေါက်စ

ပြောစရာတွေ ဖြစ်ဖြစ်လာတော့ မပြောမဖြစ် ပြောပြောနေရတာဟာလည်း ဝဋ်တစ်မျိုးပါကလားဆိုပြီး ကိုယ့်ကိုယ်ကိုယ်ပဲ သနားရမလို တရားကျရမလိုနဲ့ ပေါက်စ အရမ်းစိတ်တွေပိန်ပိန်နေတယ်ဗျာ။

အခုလည်း လုပ်ချလိုက်ပြန်ပြီဗျာ၊ VOA အသံလွှင့်ဌာနက ၂၀၀၄ ခုနှစ် ဧပြီ ၂၄ ရက်နေ့ ညနေ ၆ နာရီမှာ ဘယ်လိုထုတ်လွှင့်လာပြန်သလဲဆိုရင် "ဦးခင်ဝင်းအား စစ်ကြောရေးကာလအတွင်း ထောက်လှမ်းရေးက နှိပ်စက်ခဲ့သည်ဟု မြန်မာ့နိုင်ငံရေးအကျဉ်းသားများ စောင့်ရှောက်ရေးအသင်းက ကြေညာချက် ထုတ်ပြန်ခဲ့ကြောင်း တင်ပြချက်" ဆိုပြီး လံကြုပ်ဒီပနီ အတင်းအဖျင်းကို သတင်းလုပ်ထုတ်လွှင့်ခဲ့သဗျ။

အဲ...ထိုနည်းလည်းကောင်းဆိုသလိုပဲ BBCအသံလွှင့်ဌာနက ဧပြီလ ၂၆ ရက်နေ့ ည ၈ နာရီမှာ ထုတ်လွှင့်လာပုံက " အကျဉ်းကျခံရဆဲ ပုဇွန်တောင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်းနိုင်း၏ ကျန်းမာရေးအခြေအနေ တင်ပြချက်" ဆိုပြီး လုပ်ကြံချဲ့ကားတဲ့သတင်းကို ထုတ်လွှင့်လာပြန်တယ်ဗျာ။

သို့ကလိုသော လုပ်ကြံဒီပနီ အတင်းအဖျင်းချဲ့ကားသတင်းတွေကို ပေါက်စ အနှစ်ချုပ်ပြီးကောက်နုတ်တင်ပြရရင်" ဘိုးတော်ခင်ဝင်း(ခေါ်)ခင်ဝင်းကို စစ်ကြောရေးကာလမှာ မြန်မာထောက်လှမ်းရေးက နှိပ်စက်လို့ ခင်ဝင်းရဲ့ လက်နှစ်ဖက်ဟာ သွေးစီးရာရပ်သွားပြီး ဖြတ်ပစ်ရမည့် အခြေဆိုက်နေတဲ့အကြောင်း" ပုံလောင်းထုဆစ်၊ ကလိမ်ကကျစ်လုပ် ထုတ်လွှင့်လိုက်တယ်ဗျာ။ အဲဒီသတင်းမှာပဲ ဘယ်လိုတွေ အဆစ်ထည့်ပြီး ချဲ့ကားထားပြန်သလဲဆိုရင် " ခင်ဝင်းဟာ အီရတ်နိုင်ငံကို အမေရိကန်နိုင်ငံက ဝင်တိုက်တာကို ထောက်ခံတဲ့ စာရွက်စာတမ်းတွေရေးသားမှုနဲ့ ထောင်ဒဏ်တစ်သက်တစ်ကျွန်း အပြစ်ပေးခံရတဲ့အပြင် စစ်ကြောရေးကာလမှာလည်း ခင်ဝင်းရဲ့လက်တွေကိုလျှပ်စစ်နဲ့ အကြိမ်ကြိမ် ရှော့ရိုက်ခံရတဲ့အတွက် လက်ကသွေးကြောတွေ ပျက်စီးသွားလို့ လက်နှစ်ဖက်လုံး ဖြတ်ပစ်ရမယ့် အနေအထားတောင် ရောက်သွားနိုင်သတဲ့"ဗျာ။

အခုလိုမျိုးတွေ မရိုးမသားနဲ့ ချဲ့ကားလုပ်ကြံတဲ့ အတင်းအဖျင်းတွေကို သတင်းလုပ်လုပ်ပြီး ထုတ်လွှင့်ပေးနေတဲ့ VOA ဟာတစ်နေ့တခြား သတင်းလိမ်ဖြန့်ချိ ထုတ်လွှင့်ရာဌာနကြီးအဖြစ်သို့ ရောက်နေပါကလားလို့ ပေါက်စ သနားမိသဗျ။

ဘယ့်နှယ်ဗျာ... မဆိုင်တဲ့အလုပ်မှာ ဂလိုင်နဲ့လူပ်သလို ရှုတ်ရှုတ်ထထ လုပ်တာမျိုးကတော့ နိုင်ငံကြီးသား အကျင့်အကြံနဲ့ ယဉ်ကျေးမှု မဟုတ်ဘူးဗျာ၊ ပေါက်စတို့မြန်မာနိုင်ငံအပေါ် အမေရိကန်နိုင်ငံက မျက်မာန်တော်ရှအောင် အမေရိကန်ကို ထောက်ခံတဲ့ စာရွက်စာတမ်းရေးတဲ့အပြစ်နဲ့ ထောင်ချတယ်ဆိုပြီး ချွန်တွန်းလုပ်လိုက်တာဟာ ဘာသဘောလဲဗျာ။ ဘိုးတော်ခင်ဝင်း ဘာကြောင့် ပြစ်ဒဏ်ကျခံရတယ်ဆိုတာ VOA မှာ သတင်းမှတ်တမ်း မရှိဘူးလား။ ကမ္ဘာကျော်သတင်းဌာနကြီး တစ်ခုလုပ်နေပြီး ဒီလောက်တောင်ညံ့ဖျင်းရသလားဗျာ။ ဘိုးတော်ခင်ဝင်းတို့ ပြစ်ဒဏ်ချခံရတုန်းကလည်း VOAကပဲ အသံကုန်အော်ခဲ့တာပဲ မဟုတ်လား။

ရှင်းရှင်းလေးခင်ဗျ။ ခင်ဝင်းကို အပြစ်ပေး အရေးယူတဲ့ပြစ်မှုက ထိုင်းနိုင်ငံ မဲဆောက်မြို့မှာရှိနေတဲ့ NLD ပြည်ပြေးဝရမ်းပြေးတွေ၊ ABSDFဆိုတဲ့ အကြမ်းဖက်ဂိုဏ်းသားတွေနဲ့ မြန်မာပြည်ပြေး ဝရမ်းပြေး ညွန့်ပေါင်း ဂိုဏ်းဖြစ်တဲ့ NCGUB အုပ်စုတွေကို ခင်ဝင်းက အဆက်အသွယ်ယူပြီး နိုင်ငံတော် ဆန့်ကျင့်ရေး လှုပ်ရှားမှုလုပ်ဖို့ ငွေကြေးအထောက်အပံ့ယူတယ်ဗျာ။ တရားမဝင် လျှို့ဝှက်ဆန့်ကျင်ရေးဂိုဏ်းထောင်တယ်ဗျာ။ ဆန့်ကျင်ဆူပူရေး၊ လှုံ့ဆော်စာစောင်တွေ ဖြန့်ဝေရေး စီစဉ်တယ်ဗျာ။ အဲဒီပြစ်မှုတွေ ကျူးလွန်ခဲ့လို့ အရေးယူ အပြစ်ပေးခဲ့တာ ဖြစ်ပါတယ်ခင်ဗျာ။

အဲသလိုပါပဲ ခင်ဝင်းရဲ့ လက်မှာဖြစ်တဲ့ ရောဂါဟာလည်း ထောက်လှမ်းရေးက လျှပ်စစ်နဲ့ရှော့ရိုက်ပြီး စစ်ဆေးလို့ ရတာမဟုတ်ဘူးခင်ဗျ။ ထောက်လှမ်းရေးကလည်း အဲသလိုအလုပ်မျိုးကို ဘယ်တုန်းကမှ လုပ်ရိုးအစဉ်အလာ မရှိခဲ့ဘူးဗျာ။ ခက်တော့ အခက်သားလားဗျာ။ ဘာလို့များ ပိန္နဲပင်ထည့်ထည့်ပြီး ငိုနေကြတာလဲ ဆိုတာ ပေါက်စခေါင်းစားသဗျာ။

အခုလို ခင်ဝင်းရလာတဲ့ ရောဂါအခြေအမြစ်ကို ကာယကံရှင်ကိုယ်တိုင် ပြောတဲ့ စကားကတော့ သူ့မှာဖြစ်လာတဲ့ လက်ကြောထုံးရောဂါဟာ သူအိပ်တဲ့အခါမှာ အမြဲတမ်း လက်ဖဝါး ဝဲ၊ ယာနှစ်ဖက်ကို ပတ္တာလို ချိတ်ဆက်ပြီးမှ ခေါင်းအုံးလုပ်အိပ်တဲ့ အလေ့အထရှိခဲ့လို့ သူ့လက်ဟာ မကြာခဏ ထုံကျဉ်တတ်တဲ့အပြင် တစ်ခါတစ်ခါ မီးစနဲ့ထိုးတဲ့အတိုင်း ခံစားရတယ်တဲ့ဗျာ။ အဲ... ဒီနှစ် ဖေဖော်ဝါရီလထဲမှာ လက်ဖဝါးတွေ ကွေးဆန့်ဖို့ ခက်ခဲလာတဲ့အကြောင်း၊ ခင်ဝင်းက သက်ဆိုင်ရာကို အကြောင်းကြားလာတဲ့အတွက် သက်ဆိုင်ရာကလည်း ခင်ဝင်းရဲ့ရောဂါကို အင်းစိန်ဆေးရုံကြီးမှာ ခွဲစိတ်အထူးကု ဆရာဝန်ကြီးနဲ့ အရိုးအကြောအထူးကု ဆရာဝန်ကြီးတို့က စမ်းသပ်စစ်ဆေးပေးတဲ့အထိ စီစဉ်ဆောင်ရွက်ပေးခဲ့တယ်ဗျာ။

အဲဒီဆရာဝန်ကြီးတွေရဲ့ စမ်းသပ်စစ်ဆေးအကြံပြုချက်အရ ခင်ဝင်းရဲ့ရောဂါကို လက်ပိုင်းဆိုင်ရာ အရိုးရောဂါခွဲစိတ်အထူးကုဆရာဝန်ကြီးနဲ့ပြပြီး ကုသပေးရာမှာ ဆရာဝန်ကြီးက ခွဲစိတ်ကုသဖို့မလိုဘဲ အကြောဆေးသောက်ရင် သက်သာမယ်လို့ အဆုံးအဖြတ်ပေးခဲ့လို့ ခင်ဝင်းဟာ အကြောအားဆေး (Vitamin-B Denk) ကိုစားပြီး ကုသမှုခံယူနေပါတယ်ဗျာ။

တစ်ဆက်တည်း ပြောစရာရှိတာကတော့ ဦးနိုင်းနိုင်းရဲ့ ကျန်းမာရေးအခြေအနေဆိုတာကိုလည်း BBC အသံလွှင့်ဌာနက စပ်စပ်စုစုချဲ့ကားပြီး ဗျူးတဲ့ရည်ရွယ်ချက်ဟာ ဦးနိုင်းနိုင်းရဲ့ ကျန်းမာရေးကို စိုးရိမ်ပူပန်လို့ မဟုတ်တာကတော့ သိပ်သေချာသဗျ။ ဦးနိုင်းနိုင်းရောဂါသည်းလေ BBC ဗိုက်ထဲမှာ ကုလားပွဲလှည့်သလို တဒိန်းဒိန်းနဲ့ မြူးလေပေါ့ဗျာ။ ဘာလို့လဲဆိုတော့ BBC အနေနဲ့ မြန်မာအစိုးရရဲ့ အကျဉ်းသား ဘယ်သူဘယ်ဝါဆိုရင် ဘယ်လိုကြီးမားတဲ့ ရောဂါကြီးကို ခံစားနေရတယ်တို့၊ အသက်အရွယ်က ဘယ်လောက်တောင် ကြီးနေပြီတို့၊ အဲသလို မြန်မာအစိုးရရဲ့သိက္ခာကို ကြဲဖန်ချဖို့အတွက် အောက်တန်းအကျဆုံး ရည်ရွယ်ချက်ပဲ ဖြစ်သဗျ။

ရှိသေးသဗျ။ တစ်ခါတစ်ခါ သက်ဆိုင်ရာက ပြန်လွှတ်ပေးလိုက်တဲ့ ပုဂ္ဂိုလ်တောင် သူ့အိမ်မှာ မိသားစုနဲ့ စကားစမြည်လေးမျှ မပြောရသေးဘူး။ BBC တို့ VOA တို့က ဗျူးပြနေလိုက်တာများ ပေါက်စကြားကနေ ကာယကံရှင်မိသားစုကို သနားမိတယ်ဗျာ။ ဘယ့်နှယ်ဗျာ။ ဗျူးလိုက်တဲ့ ဗျူးစကားတွေကလည်း "အန်ကယ်ရဲ့ ကျန်းမာရေးအခြေအနေလေး သိပါရစေ"၊ "အန်ကယ်အစားအသောက်စားနိုင်သောက်နိုင်ရဲ့လား" "အခုပိန်သွားသလား"၊ "ဝမ်းတို့ ဆီးတို့ကော မှန်ရဲ့လား"၊ "ခေါင်းလေးဘာလေးတို့ မကိုက်ဘူးလား" "သွေးတိုးတို့ နှလုံးရောဂါတို့ ရှိသေးလား"၊ "ဟယ် ...ပျောက်သွားပြီလား"၊ "လုံးလုံးမဖြစ်တော့ဘူးလား"ဆိုပြီး အကျဉ်းစခန်းက ပြန်လာတဲ့ပုဂ္ဂိုလ်ကို အားမနာလျှာမကျိုး နက်ဖြန်သဘက်ဆေးရုံတင်ရမယ့် လူနာမေးသလိုမျိုး မေးကြတဲ့အပြင် ကာယကံရှင်က "ကျန်းမာရေးကောင်းပါတယ်"လို့ ဖြေလိုက်တာကိုပဲ မကျေနပ်သလို အသံနဲ့ "အန်ကယ်က ခေါင်းလေးတောင်မကိုက်တော့ဘူးလား၊ ဇက်လေးတောင်မထိုးတော့ဘူးလား"ဆိုပြီး ဈေးဆစ်သလို ဗျူးကြသေးသဗျ။

အခုလည်း အကျဉ်းစခန်းမရောက်ခင် အိမ်မှာနေကတည်းကဖြစ်လာတဲ့ ဦးနိုင်းနိုင်းရဲ့ အစာအိမ်ရောဂါကို ပဲ ပြာလဲ့ဇာချဲ့ပြီး စာဖွဲ့သလိုဗျူးပြနေတာဟာ ဦးနိုင်းနိုင်းရဲ့ ရောဂါဝေဒနာအတွက် စိုးရိမ်လို့ ဗျူးတာ မဟုတ်ဘူးခင်ဗျာ။ မြန်မာအစိုးရက လူနာအကျဉ်းသားတွေကို ဘယ်လိုနှိပ်စက်တယ်။ ညှဉ်းပန်းတယ်၊ ဆေးကုသခွင့် မပေးဘူးဆိုတဲ့အကြောင်း BBC က မောင်းခတ်သိက္ခာချဖို့ အရေး ဗျူးအမေးတွေနဲ့ စီရင်ဖန်တီးတာပါခင်ဗျာ။

သို့သော်လည်း BBC ရဲ့ ဗျူးလုပ်ကြံမှုဟာ အထမမြောက် မအောင်မြင်ပါဘူးခင်ဗျာ။ အဗျူးခံသူ ဦးနိုင်းနိုင်းရဲ့ဇနီးက ဖြေကြားတဲ့အထဲမှာ နိုင်ငံတော်အစိုးရက လုပ်ပေးကိုင်ပေးတဲ့ ဆေးဝါးကုသမှု အစီအစဉ်တွေ၊ ကုသပေးနေတာတွေကို BBC အနေနဲ့ ဖုံးဖိလို့မရအောင် ပေါ်လွင်နေတယ်ဗျာ။

အဲ...တစ်ခုတော့ရှိသပေါ့ဗျာ။ အချို့အချို့သော ဒီမိုကရေစီသမား အမည်ခံ ဆရာသမားကြီးငယ်ရွယ် လတ်များကလည်း အပြင်မှာ ကိုယ့်အိမ်မှာနေတုန်း ဒီလိုရောဂါတွေဖြစ်ရင် ကျန်းမာရေးစောင့်ရှောက်မှု ဘယ်လိုရခဲ့သလဲတော့ မသိဘူး။ ထောင်ထဲလည်းရောက်ရော ပရွက်ဆိတ်ကိုက်တာကိုတောင် အထူးကုသမားတော်နဲ့ပြချင်တဲ့ အပေါက်မျိုးတွေ ချိုးနေကြသဗျ။ ပေါက်စတို့တစ်တွေ ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်နေတော့ ရောဂါရှိတာတောင် ဆရာဝန်ဆီ ပုံမှန်မပြနိုင်ပါဘူးဗျာ။ Medical Check Up ဆိုတာ တစ်နှစ်တစ်ခါ မဆိုထားနဲ့ လုပ်ကိုမလုပ်နိုင်ပါဘူးဗျာ။ အဲ...ထောင်ထဲက ပုဂ္ဂိုလ်ကြီးများကတော့ အပတ်စဉ်၊ လစဉ်ပုံမှန်စစ်ဆေးပေးနေတဲ့ ကြားကတောင် ဇက်ထိုးလို့၊ ခြေနာလို့၊ လက်နာလို့နဲ့ ဘာမှအလုပ်မရှိတော့ တစ်နေ့တစ်နေ့ ဘယ်နားက ရောဂါဘယ်လိုရှာပြီး ပြရမလဲဆိုတာကိုပဲ ထိုင်စဉ်းစားပြီး ရောဂါကို မိုက်ခရိုစကုတ်နဲ့ရှာ၊ ထောင်ဆရာဝန်သာမက ပြင်ပသမားတော်တွေနဲ့ ပြခွင့်ရနေကြတာပါခင်ဗျာ။ ဒီအခြေအနေတွေကိုလည်း မြန်မာနိုင်ငံမှာ ရှိနေတဲ့ ICRCတွေလည်း သိနေတာပဲ မဟုတ်လား။

စဉ်းစားကြည့်ဗျာ။ နိုင်ငံတော်အစိုးရက ပြစ်မှုအလိုက်အရေးယူပြီး အကျဉ်းချ အပြစ်ပေးခဲ့ပေမယ့် အဲဒီအကျဉ်းသားတွေရဲ့ စားရေး၊ သောက်ရေး၊ နေထိုင်ရေးကအစ ကျန်းမာရေးအထိ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးတယ်ဗျာ။ နိုင်ငံတော်အစိုးရအနေနဲ့ တရားဥပဒေအရ၊ ပြစ်မှုဥပဒေအရ လိုအပ်သလို အရေးယူ အပြစ်ပေးခဲ့ရပေမယ့် ပြစ်မှုပြစ်ဒဏ်ကျခံရသူတွေကို ရန်သူလိုသဘောမထားဘဲ လူသားချင်းစာနာတဲ့ လူ့အခွင့် အရေးကို အတတ်နိုင်ဆုံး ဖြည့်ဆည်းစောင့်ရှောက်ပေးခဲ့တယ်ဗျာ။

သို့သော်လည်းပေါ့လေ။ အချို့သော အသက်ကြီးမှ နိုင်ငံရေးသူငယ်ပြန်ရောဂါထနေတဲ့ ပုဂ္ဂိုလ်ကြီးများ ကတော့ သူတို့ကိုယ်သူတို့ အကျဉ်းသားဝေယျာဝစ္စအကျိုးဆောင်လိုလို၊ အကျဉ်းသားလေ့လာစုံစမ်းရေး အိတ်စ်ပတ်ကြီးလိုလို၊ ဝတ္ထုတွေထဲက စုံထောက်လိုလို၊ နေရာတကာ အကုန်လုံးသိတဲ့ ဘိန်းစားဘွန်ဟောင်း လိုလိုအချိုးမျိုးနဲ့ ဂျင်းဘောင်းဘီတကားကား၊ စပို့ရှပ်တလွှားလွှားဝတ်ပြီး အကျဉ်းသားတွေရဲ့ ဇနီးမယား၊ သားသမီးတွေနားမှာ လမ်းသလားရင်းနဲ့ အတင်းအဖျင်းတွေကို သတင်းလုပ်ပြီးပို့ပေးတာကို BBC, VOA က အဟုတ်မှတ်နေတော့ခက်သားလား။ နောက်တစ်မျိုးတတော့ အကျဉ်းသားတွေကို အကူအညီပေးနေတဲ့ အဖွဲ့တွေဆီသွားပြီး အကျဉ်းသားကို လက်ညှိုးထိုးရောင်းစားသလိုမျိုး ခွက်ထိုးခံ တောင်းရမ်းလို့ရတဲ့ ငွေစကြေးစလေးတောင်စိတ်မချရတဲ့ အလုပ်မရှိအကိုင်မရှိ တစ်ရှာ့ကိုး တစ်ရှာ့တစ်ဆယ် ဒီမိုကရေစီယောင်ခြောက်ဆယ် ပုဂ္ဂိုလ်လေးများကပို့လိုက်တဲ့ အတင်းအဖျင်း သတင်းလိမ်တွေ ဟာ VOAတို့ BBC တို့အတွက် သတင်းထူးကြီးအဖြစ် လက်ခံယုံကြည်စွာ ထုတ်လွှင့်နေတာကတော့ ပေါက်စ ရယ်ရတယ်ဗျာ။

အဲ...ရှိသေးသဗျ။ ပြည်တွင်းက နိုင်ငံရေးသူငယ်ပြန်နေတဲ့ ဘိန်းစားဘွန်ဟောင်းလို ပုဂ္ဂိုလ်များနဲ့ ဒီမိုကရေစီယောင်ခြောက်ဆယ်ပုဂ္ဂိုလ် အကောင်းစားလေးများသာမက သူတို့နဲ့ ဆက်သွယ်လုပ်စားနေတဲ့ မြန်မာနိုင်ငံ အကျဉ်းသားစောင့်ရှောက်ရေးအမည်ခံ ပြည်ပမှာရှိနေကြတဲ့ ပြည်ပြေးဝရမ်းပြေးတွေကလည်း ဒီမိုကရေစီမဟာစီမံကိန်းကြီးပြပြပြီး ဆရာကြီး၊ သမားကြီး၊ ဂုရုကြီးများဆီက လိမ်စားလို့ရသမျှ လိမ်စားနေကြတာကတော့ ဖိုးတွမ်တီးအကြီးစားများဖြစ်တယ်ဆိုတာ VOAတို့၊ BBCတို့က မသိဘူးဆိုပြီး မထူးဇာတ်သဘောနဲ့ အလိမ်ခံဇာတ်မျောကြီးကို ဆက်ခင်းကြဦးမယ်ဆိုရင်လည်း ပေါက်စ သနားတယ်ဗျာ။

ကဲ...ပေါက်စ စကားဖြတ်ပြီး အနားသတ်ရရင် ဘိုးတော်ခင်ဝင်း(ခေါ်)ခင်ဝင်းနဲ့ ဦးနိုင်းနိုင်းတို့ရဲ့ ကျန်းမာရေးနဲ့ပတ်သက်ပြီး မြန်မာအစိုးရကို လုပ်ကြံပုတ်ခတ်ဖို့၊ သိက္ခာချဖို့အတွက် မြန်မာပြည်ပြေး ဝရမ်းပြေးများနဲ့ ပြည်တွင်းက နိုင်ငံရေးသူငယ်ပြန်ရောဂါသည် ဘိန်းစားဘွန်ဟောင်းလို ပုဂ္ဂိုလ်အကောင်းစားကြီးနဲ့ ဒီမိုကရေစီယောင်ခြောက်ဆယ် မဖြစ်ညစ်ကျယ် ပုဂ္ဂိုလ်ငယ် အကောင်းစားလေးများရဲ့ အတင်းအဖျင်း သတင်းလိမ်တွေဟာ အမှန်တကယ်ဖြစ်နေတဲ့ ဘိုးတော်ခင်ဝင်းနဲ့ ဦးနိုင်းနိုင်းတို့ရဲ့ ကျန်းမာရေးအခြေအနေတွေ၊ နိုင်ငံတော်အစိုးရက စောင့်ရှောက်ကုသပေးနေတာတွေနဲ့ အရှေ့နဲ့အနောက်၊ တောင်နဲ့မြောက်ပမာကွာခြား ဆန့်ကျင်အမှန်မြင်နိုင်ကြတဲ့ မြန်မာပြည်သူတွေကတော့ VOA တို့ BBC တို့ရဲ့ အလိမ်ခံဘဝကို သနားခြင်းကြီးစွာနဲ့ **လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ** ဆိုပြီး ကိုယ်စားပြုစကားပြောကြားကြမှာ အသေအချာပါပဲခင်ဗျာ။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၅-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန် ဂီတသံ
၄:၁၅	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅	၆။ နားဝင်ငြိမ့်စီး သီချင်းကြီး
၄:၄၀	၇။ မျိုးချစ်တပ်မတော်
၄:၅၀	၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** - BOOK-KEEPING PROCEDURES AND CASH BOOK (စီးပွားရေး၊ စီးပွားစီမံ)
၅:၃၀	၁၀။ ပညာခေတ်
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝင်းပပလှသူလေးရယ်" (အပိုင်း-၇)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သစ္စာမဏ္ဍိုင် (အပိုင်း-၃၉)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

နိုင်ငံခြား သတင်းများ

မရိန်းတပ်ဖွဲ့ဝင်များ ဖော်လူဂျာတွင် မဆင်မခြင်ပစ်ခတ်ခဲ့ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုပြုလုပ်ပေးရန် ကုလ တောင်းဆို

ကုလသမဂ္ဂ မေ ၅

အမေရိကန်စစ်ဘက်က ဖော်လူဂျာမြို့ကို တစ်လတာဝိုင်းပတ်ပိတ်ဆို့ တိုက်ခိုက်စဉ်အတွင်း အရပ်သူ၊ အရပ်သားများအပေါ် ထိခိုက်နစ်နာမှုများကို သီးခြားလွတ်လပ်သော လေ့လာစုံစမ်းမှု တစ်ရပ်ပြုလုပ်ပေးရန် ကုလသမဂ္ဂလူ့အခွင့်အရေးအဖွဲ့က တနင်္လာနေ့တွင် တောင်းဆိုလိုက်သည်။

အခက်အခဲရှိ

ဖော်လူဂျာမြို့အဝိုင်းခံထားရစဉ်က ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်များနှင့် သက်ဆိုင်သည့် ယုံကြည်လောက်သော သတင်းများရယူရန် အခက်အခဲရှိနေခဲ့သည်။ သို့ရာတွင် ထိုစဉ်အချိန်က ဖော်လူဂျာမြို့ကို ဝိုင်း၍ တိုက်နေကြသော အမေရိကန်တပ်ဖွဲ့ဝင်များသည် အရပ်သူ၊ အရပ်သားများအပေါ် စောင့်ထိန်းအပ်သော အပြည်ပြည်ဆိုင်ရာ ဥပဒေများကို မစောင့်ထိန်းဘဲ ဆိုးရွားစွာ ချိုးဖောက်ခဲ့ကြသည်။ လူ့အခွင့်အရေးဥပဒေကို မလိုက်နာဘဲ ပြင်းထန်စွာ ဖောက်ဖျက်ခဲ့ကြသည်ဆိုသည့် ယုံကြည်ရလောက်သော သတင်းများ ထွက်ပေါ်လာခဲ့ကြောင်း ကုလသမဂ္ဂမှ ပေါလ်ဟန့်က ပြောကြားသည်။ ၎င်းသည် အမှုအခင်းများ၊ တိုင်တန်းချက်များ ထွက်ပေါ်လာသောအခါ လေ့လာဆန်းစစ်မှုများပြုလုပ်၍ အစီရင်ခံစာများတင်သွင်းရာ၌ ကျွမ်းကျင်သူဖြစ်သည်။

သေဆုံး

ဖော်လူဂျာမြို့သည် လူပေါင်း ၃၀၀၀၀၀ နေထိုင်သော မြို့ဖြစ်သည်။ ပြီးခဲ့သော တစ်လတာအတွင်း ထိုမြို့၌ တိုက်ပွဲများ ဖြစ်ပွားခဲ့သည့်အတွက် လူပေါင်း ၇၅၀ ခန့် သေဆုံးရသည်ဟု ခန့်မှန်းသည်။ သေဆုံးသူများအနက် ၉၀ ရာခိုင်နှုန်းသောလူများမှာ တိုက်ခိုက်မှုနှင့် သက်ဆိုင်ခြင်းမရှိသော သူများသာဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်ဟု ဟန့်က ဆိုသည်။ ၎င်းသည် ဂျီနီဗာမြို့တွင် အခြေစိုက်သော လူအခွင့်အရေးကော်မရှင်မှဖြစ်သည်။

ဧပြီလစောစောပိုင်းတွင် ဖော်လူဂျာမြို့၌ အမေရိကန် ပုဂ္ဂလိကလုံခြုံရေးသမားများဟုဆိုသူ လေးဦး အသတ်ခံခဲ့ရသည်။ ထိုလုပ်ရပ်ကို လက်တုံ့ပြန်သည့်အနေဖြင့် အမေရိကန်စစ်ဘက်က ဖော်လူဂျာမြို့ကို အင်အားသုံးပြီး တိုက်ခိုက်ခြင်းဖြစ်သည်။ သီတင်းပတ်အတန်ကြာ ခုခံရေးသမားပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ အပြန်အလှန် တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်တပ်များ ဖော်လူဂျာမြို့မှ ဆုတ်ခွာပေးလိုက်ကြပြီး ၎င်းတို့ နေရာတွင် အီရတ်တပ်ဖွဲ့များ အစားထိုးဝင်ရောက်လာခဲ့ကြသည်။

ထွက်ပေါ်

အမေရိကန်တပ်များ မြို့ကို ဝိုင်းထားချိန်က အရပ်သားများ နေထိုင်ရာရပ်ကွက်များတွင် အရှိမ်းမဲ့အင်အားသုံးပြီး မဆင်မခြင်ပစ်ခတ်ခဲ့ကြသည်။ ဖော်လူဂျာမြို့အတွင်းရှိ အဓိကဆေးရုံသို့ အရပ်သားများ ဝင်ရောက်ခြင်းမပြုနိုင်စေရန် တားဆီးပိတ်ပင်ခဲ့ကြသည်။ ဆေးရုံကို သိမ်းပိုက်ထားခဲ့ကြပြီး သူနာပြုကားများကိုပါ ပစ်ခတ်ခဲ့ကြသည်ဆိုသော စွပ်စွဲချက်များထွက်ပေါ်ခဲ့သည်။

ထိုစွပ်စွဲချက်များနှင့် ပတ်သက်၍ အီရတ်ရှိ အမေရိကန် အရပ်ဘက် အုပ်ချုပ်ရေးအဖွဲ့သည် သီးခြားလွတ်လပ်သောစုံစမ်းရေးအဖွဲ့ ဖွဲ့စည်းပြီး လေ့လာဖော်ထုတ်သင့်ကြောင်း ကုလသမဂ္ဂ၏ လူ့အခွင့်အရေးအဖွဲ့မှ ဟန့်က ပြောကြားလိုက်သည်။

လိုအပ်

အထက်ပါစွပ်စွဲချက်များ မှန်ကန်နေကြောင်း စစ်ဆေးတွေ့ရှိရလျှင် နောက်နောင်တွင် အလားတူ အပြည်ပြည်ဆိုင်ရာ ဥပဒေချိုးဖောက်မှုများ ထပ်မံမပေါ်ပေါက်စေရန် အရေးယူဆောင်ရွက်သွားရန် လိုအပ်လိမ့်မည်ဟု ဟန့်က ဆက်လက်ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၃ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် လုံခြုံရေးကင်းလှည့်ထွက်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်နေပုံများ စစ်မှန်သောဓာတ်ပုံများဖြစ်သည်ဟု ဒေးလီးမေရာကဆို

လန်ဒန် မေ ၅

အီရတ်အကျဉ်းသားများအား ဗြိတိသျှတပ်ဖွဲ့ဝင်များက နှိပ်စက်ညှဉ်းပန်းနေမှုကိစ္စကို ဗြိတိသျှရဲတပ်ဖွဲ့က စစ်ဆေးလျက်ရှိပြီး ဗြိတိသျှ ဒေးလီးမေရာနေ့စဉ်သတင်းစာက ယင်းနှိပ်စက်ညှဉ်းပန်းမှုနှင့် စပ်လျဉ်းသည့် ဓာတ်ပုံများဖော်ပြမှုသည် အစစ်အမှန်မဟုတ်ဘဲ အတုလျှင်ဖြစ်ကြောင်း စွပ်စွဲချက်ကို အဆိုပါသတင်းစာက တနင်္လာနေ့တွင် ပယ်ချလိုက်သည်။

အဆိုပါဓာတ်ပုံများကို လန်ကာရှိုင်းယားတော်ဝင် တပ်မဟာမှ တပ်ဖွဲ့ဝင်နှစ်ဦးထံမှ ရရှိခြင်းဖြစ်သည်ဟု ဒေးလီးမေရာသတင်းစာက ဖော်ပြသည်။

အမည်နာမ ဖော်ပြခြင်းမရှိသည့် တပ်ဖွဲ့ဝင်တစ်ဦးက ဗြိတိသျှတပ်ဖွဲ့ဝင်အချို့က အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းနေသည့် ဓာတ်ပုံရာချီ၍ တွေ့ခဲ့ရကြောင်းဖြင့် အဆိုပါတပ်ဖွဲ့ဝင်ကို ကိုးကား၍ သတင်းစာက ဖော်ပြသည်။

သေနတ်ဒင်ဖြင့် အဆောင့်ခံရသည့် အကျဉ်းသား၏ ခေါင်းစွပ်ပေါ်သို့ ဗြိတိသျှတပ်ဖွဲ့ဝင်က ကျင်ငယ်စွန့်နေသည့်ဓာတ်ပုံကို ဒေးလီးမေရာသတင်းစာက စနေနေ့တွင် ဖော်ပြခဲ့သည်။

သို့ရာတွင် လန်ကာရှိုင်းယားတပ်မဟာက အဆိုပါ ဓာတ်ပုံများ အစစ် ဟုတ်မဟုတ်နှင့်ပတ်သက်၍ မေးခွန်းများ မေးလျက်ရှိသည်။

ဒေးလီးမေရာသတင်းစာက ဖော်ပြပါ လန်ကာရှိုင်းယား တော်ဝင်တပ်မဟာ၏ ဖော်ပြချက်ကို အသိအမှတ် ပြုကြောင်း၊ သို့ရာတွင် မိမိတို့၏ သတင်းအရင်းအမြစ်ဘက်မှ ရပ်တည်မည်ဟု ဒေးလီးမေရာသတင်းစာ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးအား ဘီဘီစီသတင်းဌာနက ကိုးကားဖော်ပြသည်။

လန်ကာရှိုင်းယား တပ်မဟာက ဒေးလီးမေရာသတင်းကိစ္စနှင့်စပ်လျဉ်း၍ စိုးရိမ်မကင်းဖြစ်နေမှုကို မိမိတို့ သဘောပေါက်ကြောင်း၊ မိမိတို့အနေဖြင့်လည်း အီရတ်ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်အချို့၏ အမူအကျင့်နှင့် ပတ်သက်၍ လွန်စွာ စိုးရိမ်မကင်းဖြစ်နေကြောင်း ဒေးလီးမေရာ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

နှိပ်စက်ညှဉ်းပန်းမှုဓာတ်ပုံ၏ ဇာစ်မြစ်နှင့် စပ်လျဉ်း၍ မည်သို့ပင်ရှိစေကာမူ စစ်မှန်သည့် ပျက်စီးဆုံးရှုံးမှုမှာ ရှိခဲ့ပြီးပြီဖြစ်ကြောင်း ဗြိတိသျှ ဂါဒီယန်းသတင်းစာက ရေးသားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တစ်ဝိုက်တွင် ပေါက်ကွဲသံများပေါ်ထွက်

ဘဂ္ဂဒက် မေ ၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တစ်ဝိုက်တွင် တနင်္လာနေ့ညပိုင်းက ကျယ်လောင်သည့် ပေါက်ကွဲသံများ ပေါ်ပေါက်ခဲ့ကြောင်း ရိုက်တာသတင်းထောက်များက ပြောကြားသည်။ အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပေါက်ကွဲမှုဖြစ်ပွားသည်ကို သိရှိကြောင်း၊ သို့ရာတွင် နောက်ထပ် မည်သည့်သတင်းမှ မရရှိကြောင်း ပြောကြားသည်။ ပေါက်ကွဲမှု ပေါ်ပေါက်ပြီးနောက် တစ်နာရီနီးပါးအကြာတွင် သေနတ်ပစ်ခတ်သံများ ကြားသိရကြောင်း ဒေသခံများက ပြောကြားသည်။ စစ်ဘက်က ယင်းပစ်ခတ်မှုနှင့်ပတ်သက်သည့် သတင်းများ မရရှိကြောင်း ပြောကြားသည်။

ပေါက်ကွဲသံများမှာ အမေရိကန်စစ်ဘက်၏အဓိကအခြေစိုက်စခန်းဖြစ်သည့်ဘဂ္ဂဒက်လေဆိပ်အနီးမှပေါ်ထွက်လာကြောင်းဖြင့် ဒေသခံတစ်ဦးက ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***

ဆေးဝါးကုသမှုခံယူ

မေ ၃ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့ စစ်ဆေးရုံတွင် ဆေးဝါးကုသမှု ခံယူနေသည့် ဒဏ်ရာရ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အနာဂတ်တွင် လက်ဦးမှုရယူတိုက်ခိုက်ခြင်း မပြုသင့်ဟု အီရတ်ဖြစ်ရပ်က သင်ခန်းစာပေးမည်ဟု စပိန်ဝန်ကြီးချုပ် မျှော်လင့်

မဒရစ် မေ ၄

အီရတ်နိုင်ငံတွင် ပိုမိုဆိုးရွားလာသော အခြေအနေက အနာဂတ်ကာလတွင် လက်ဦးမှုရယူ တိုက်ခိုက်ခြင်း မပြုရန် နိုင်ငံများအား သတိပေးချက်တစ်ရပ်အဖြစ် မှတ်ယူလိမ့်မည်ဟု မျှော်လင့်ကြောင်းဖြင့် စပိန်ဝန်ကြီးချုပ် ဇာပါတီရိုက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

ဆိုရှယ်လစ်ပါတီ၏ နှစ်ပတ်လည်အထိမ်းအမှတ် အစည်းအဝေးတွင် တက်ရောက်လာကြသည့် ထောက်ခံသူ ၂၀၀၀၀ တို့အား ဝန်ကြီးချုပ်ကမိန့်ခွန်းပြောကြားရာတွင် နေ့စဉ်ပင်မအောင်မြင်ကြောင်း သက်သေပြနေသည့် အီရတ်နိုင်ငံအတွင်း အမေရိကန်တို့၏ လုပ်ဆောင်ချက်မှာ နိုင်ငံတကာ အသိုက်အဝန်းအတွက် သင်ခန်းစာတစ်ရပ်အဖြစ် အသုံးဝင်မည်ဖြစ်ကြောင်း၊ လက်ဦးမှုရယူတိုက်ခိုက်မှု ထပ်မံမဖြစ်သင့်ကြောင်း၊ နိုင်ငံတကာ ဥပဒေချိုးဖောက်မှုများ ထပ်မံမဖြစ်သင့်ကြောင်း ၎င်းကထည့်သွင်းပြောကြားသည်။

ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးလက်ခံပြီး နောက်တစ်ရက်တွင် အီရတ်ရောက် စပိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် သူအမိန့်ပေးလိုက်ကြောင်းဖြင့် ထပ်မံပြောကြားလိုက်သည်။ ယင်းမှာ စပိန်တပ်ဖွဲ့ဝင်များကို အီရတ်သို့ မပို့သင့်ပါဘဲလျက် ပို့ထားခြင်းကြောင့်ဖြစ်ကြောင်း ရှင်းပြသည်။ မိမိတို့အစိုးရအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် နိုင်ငံတကာဥပဒေကို မည်သည့်အခါမျှ ချိုးဖောက်မည်မဟုတ်၊ နိုင်ငံတကာဥပဒေချိုးဖောက်မှုကိုလည်း ထောက်ခံခြင်းမပြုရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်းဖြင့် စပိန်ဝန်ကြီးချုပ် ဇာပါတီရိုက ပြောဆိုသည်။

အင်တာနက်။

စခန်းသစ် တည်ဆောက်

မေ ၁ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့အပြင်ဘက်တွင် စစ်ဆေးရေးစခန်းသစ် တည်ဆောက်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်သို့ စပိန်တပ်ဖွဲ့ဝင်များကို ပြန်လည်စေလွှတ်မည် မဟုတ်ဟုဆို

မဒရစ် မေ ၅

အမေရိကန်က အီရတ်ပြည်သူလူထုထံသို့ ဇွန် ၃၀ရက်တွင် အုပ်ချုပ်ရေးအာဏာ လွှဲပြောင်းပေးသည့်နောက် အီရတ်နိုင်ငံ၏ တည်ငြိမ်ရေးမြှင့်တင်ရန်အတွက် နိုင်ငံစုံ တပ်ဖွဲ့ထူထောင်ရန် ကုလသမဂ္ဂက လုပ်ပိုင်ခွင့် လွှဲအပ်သည့်တိုင်အောင် စပိန်နိုင်ငံအနေဖြင့် အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ ပြန်လည်စေလွှတ်မည်မဟုတ်ကြောင်းဖြင့် နိုင်ငံ ခြားရေးဝန်ကြီး မော်ရေတီနိုစ်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

အီရတ်နိုင်ငံတွင် အမေရိကန် ဦးဆောင် အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် လုပ်ငန်း ဆောင်ရွက်နေကြသည့် စပိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် စပိန်ဝန်ကြီးချုပ်သစ် ဇာပါတီရိုက အမိန့်ထုတ်ပြန်ခဲ့သည်။

မျှော်လင့်

အကြမ်းဖက်မှု မကြာခဏဖြစ်ပွားနေသည့် အီရတ်နိုင်ငံ၏ လုံခြုံရေး တိုးမြှင့်စေရန် ရည်ရွယ်၍ နိုင်ငံစုံ တပ်ဖွဲ့အား လုံခြုံရေးကောင်စီက လုပ်ပိုင်ခွင့် လွှဲပေးရန် မိမိမျှော်လင့်ကြောင်းဖြင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အီရတ်ပြည်သူလူထု၊ သို့မဟုတ် ကုလသမဂ္ဂထံသို့ လွှဲပြောင်းစေမည့် စပိန်နိုင်ငံ၏ တောင်းဆိုချက်ကို ဖော်ပြပါလုပ်ရပ်က ဖြည့်ဆည်းပေးနိုင်မည် မဟုတ်ကြောင်း မော်ရေတီနိုစ်က ပြောကြားသည်။

အီရတ်နိုင်ငံသို့ နိုင်ငံရေး အကူအညီ၊ လူလူချင်း စာနာထောက်ထားရေးဆိုင်ရာ အကူအညီ၊ စီးပွားရေး အကူအညီနှင့် လေ့ကျင့်သင်တန်းပေးရန် အကူအညီများအရသာ မိမိတို့ လှုပ်ရှားသွားနိုင်မည်ဖြစ်ပြီး လုံခြုံရေး ထိန်းသိမ်းရန် တပ်ဖွဲ့ဝင် အကူအညီများ မပေးလိုကြောင်း စပိန်ရုပ်မြင် သံကြားတွေ့ဆုံမေးမြန်းခန်းတွင် မော်ရေတီနိုစ်က ပြောကြားသည်။

ကြေညာ

ဝန်ကြီးချုပ် ဇာပါတီရိုကစပိန်တပ်ဖွဲ့ဝင်များ အမြန်ရုပ်သိမ်းရန် ဧပြီလလယ်က ကြေညာခဲ့သည်။ နောက်ဆုံးအသုတ်အဖြစ် တပ်ဖွဲ့ဝင်များ မေ ၂၇ ရက်တွင် စပိန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်စစ်ပွဲတွင်သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်၇၅၈ဦးရှိပြီ

ဘဂ္ဂဒက် မေ ၆

လွန်ခဲ့သည့်နှစ်က အီရတ်စစ်ပွဲစတင်ချိန်မှ မေ၅ရက်အထိ အီရတ်နိုင်ငံတွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၇၅၈ဦးရှိပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းအနက် ၅၅၁ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၂၀၇ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။

သေဆုံး

ထိုအတောအတွင်း ဗြိတိသျှတပ်ဖွဲ့က ၅၈ဦး၊ အီတလီ၁၇ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားခြောက်ဦး၊ ယူကရိန်းလေးဦး၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦး၊ ဒိန်းမတ်၊ အယ်ဆာဗေဒို၊ အက်စ်တိုးနီးယားနှင့်ပိုလန်တို့က တစ်ဦးစီအသီးသီး သေဆုံးသည်။

၆၁၈ဦး

အီရတ်နိုင်ငံတွင် အဓိကစစ်ဆင်မှုများပြီးဆုံးပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်က ကြေညာခဲ့သည့် ၂၀၀၃ခုနှစ်မေလ၁ရက်နောက်ပိုင်းသေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၆၁၈ဦးရှိသည်။ ယင်းအနက် တိုက်ပွဲများကြောင့်သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၄၀ဦးရှိပြီး ၁၇၈ဦးမှာ အခြားအကြောင်းများကြောင့် ဖြစ်သည်ဟု ကာကွယ်ရေးဌာန ကပြောကြားသည်။

ဒဏ်ရာရရှိ

အီရတ်စစ်ပွဲစတင်ချိန်ကာလဒဏ်ရာရရှိသည့်အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၁၃၃ဦးဖြစ်သည်။

အင်တာနက်။

အမေရိကန်တို့လက်တွင်းရောက် အီရတ်အကျဉ်းသားများ ညှဉ်းပန်းခံရ

ဘဂ္ဂဒက် မေ ၅

အီရတ် အကျဉ်းသားများအား အမေရိကန်တို့ မတော်မတရားပြုကြသည်ဆိုသော စွပ်စွဲချက်များနှင့် မကောင်းသတင်းများ ပိုမိုပျံ့နှံ့လာစဉ် ၎င်းတို့နှိပ်စက်ခံရကြောင်း၊ အဓမ္မကိုယ်တုံးလုံး အချွတ်ခံရပြီးအရှက်ရခဲ့ကြောင်း စသဖြင့် အကျဉ်းသားဟောင်းများ၏ ပြစ်တင် ဝေဖန်မှုများ ပေါ်ထွက်လာကြသည်။

အပြစ်ဖော်ဆုံးမ

ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အကျဉ်းစခန်း၌ အကျဉ်းသားများကို မတော်မတရားပြုမှုအတွက် အမေရိကန်စစ်ဘက် အရာရှိ ခုနစ်ဦးကို အပြစ်ဖော်ပြ ဆုံးမပြီးကြောင်းဖြင့် အမေရိကန်စစ်ဘက်က ယနေ့ကြေညာသည်။ ထိုသို့သော စက်ဆုပ်ဖွယ်ကောင်းသည့် ဖြစ်ရပ်များ ဖြစ်ခဲ့စဉ်က သူမရှိခဲ့ကြောင့်ဖြင့် ထိုအကျဉ်းစခန်းကို ကြီးကြပ်ရသူ ဗိုလ်မှူးချုပ် ဂျာနစ်ကာပင်စကီက ပြောကြားလိုက်သည်။

အဘူဂါရိပ်အကျဉ်းစခန်း၌ ချုပ်နှောင်ထားသည့် အကျဉ်းသားအများစုမှာ အမေရိကန် စစ်တပ်က ဖမ်းဆီးထားသည့် အပြစ်မဲ့သူများဖြစ်၍ သုံးလအတွင်း ပြန်လွှတ်လိုက်ပြီး သုံးစွဲရန် ၁၀ဒေါ်လာစီ သက်ဆိုင်ရာက ပေးလိုက်သေးသည်ဆို၏။

ထိန်းသိမ်းခံရ

သို့သော် အချို့မှာ ပုန်ကန်မှုဖြင့် စွဲချက်တင်ခံရပြီး ပိုမိုကြာရှည်စွာ ထိန်းသိမ်းခံရသူများ ဖြစ်သည်။ ၎င်းတို့မှာ အမျိုးမျိုးစစ်ဆေးခံရပြီး ညှဉ်းပန်းနှိပ်စက်မှုနှင့် အရှက်ခွဲမှုပါ ခံကြရသည်ဆို၏။

ရုပ်မြင်သံကြားမှ ညှဉ်းပန်းနှိပ်စက်ခံရပုံများထက်ပင် ပိုမိုဆိုးရွားစွာ ညှဉ်းပန်းခံ၊ အရှက်ခွဲခံကြရသည်ဟု အချို့က ပြောကြားသည်။

အင်တာနက်။

အီရတ်စစ်ပွဲတွင် ဩစတြေးလျ မပါဝင်သင့်ဟု ပြည်သူအများစုက လက်ခံယုံကြည်လာ

ကင်ဘာရာ မေ ၅

ယမန်နှစ်က ကျူးကျော်တိုက်ခိုက်သည့် အမေရိကန်ဦးဆောင်သည့် အီရတ်စစ်ပွဲတွင် ဩစတြေးလျနိုင်ငံအနေဖြင့် မပါဝင်သင့်တော့ဟု ဩစတြေးလျပြည်သူအများက ပထမဆုံးအကြိမ်အဖြစ် ပိုမိုသက်ဝင် ယုံကြည်နေကြကြောင်း နောက်ဆုံးကောက်ယူ ရရှိသော အင်္ဂါနေ့က ထုတ်ပြန်သည့် သဘောထားစစ်တမ်းအရ သိရှိရသည်။

ဩစတြေးလျ နိုင်ငံသား ၄၀ ရာနှုန်းက အီရတ်စစ်ပွဲ ဖြစ်ပွားမှုသည် တရားမျှတကြောင်း ယုံကြည်နေစဉ် ၅၀ ရာနှုန်းသော တုံ့ပြန်ဖြေကြားသူများက အီရတ်စစ်ပွဲ မဆင်နွှဲ သင့်ကြောင့် ပြောကြားလာခဲ့ကြောင်းဖြင့် ဩစတြေးလျနိုင်ငံ၏ ထိပ်တန်း သတင်းစာဖြစ်သည့် ဩစတြေးလျသတင်းစာအတွက် သီးသန့် ကောက်ယူခဲ့သည့် သဘောထား စစ်တမ်းတစ်ရပ်အရ သိရှိရသည်။

ဆင်နွှဲသင့်

ဖေဖော်ဝါရီလအတွင်းက ကောက်ယူခဲ့သည့် စစ်တမ်းအရ အီရတ်စစ်ပွဲ မဆင်နွှဲသင့်ဟု ဩစတြေးလျနိုင်ငံသား ၄၅ ရာနှုန်းက ယုံကြည်ထားပြီး ၄၆ ရာနှုန်းသော ပြည်သူတို့က အီရတ်စစ်ပွဲ ဆင်နွှဲသင့်ကြောင်း သဘောထား ပေးခဲ့မှုနှင့် နှိုင်းယှဉ်၍ အထက်ပါအတိုင်း ဖော်ပြထားခြင်း ဖြစ်သည်။

အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသည့် ဩစတြေးလျနိုင်ငံသား တပ်ဖွဲ့ဝင် ၉၀၀ ခန့် မည်သည့်အချိန်တွင် ရုပ်သိမ်းမည်ဆိုသည်နှင့် ပတ်သက်၍ ၄၇ ရာနှုန်းသော ဩစတြေးလျ နိုင်ငံသားတို့က အတိုက်အခံ လေဘာပါတီခေါင်းဆောင် မတ်လာသင်၏ ကတိပေးမှုကို ထောက်ခံခဲ့ကြသည်။ ၎င်းကတိအရ ယခုနှစ် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မတ်လာသင်က ၎င်း၏ ပါတီ အနိုင်ရခဲ့ပါက ခရစ္စမတ်အချိန်သမယတွင် ဩစတြေးလျတပ်ဖွဲ့ဝင်များကို ဌာနေသို့ပြန်ခေါ်မည် ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

မေ ၁ ရက်က အီရတ်နိုင်ငံတွင် အသစ်ဖွဲ့စည်းထားသည့် ဖော်လူဂျာမြို့ ကာကွယ်ရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် များကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်အကျဉ်းသားများ ကိစ္စ အသေးစိတ်စစ်ဆေးမည်ဟုဆို

လန်ဒန် မေ ၅

အီရတ် အကျဉ်းသားများအား ဗြိတိသျှတပ်သားများက မဟားတရား ပြုလုပ်သည်ဆိုမှုကို ဗြိတိန်အစိုးရက အလေးအနက်ထားကြောင်း ဗြိတိသျှတပ်ဖွဲ့ဝင်များက အီရတ်တစ်ဦးအား မဟားတရားပြုနေသည့်လက္ခဏာရှိသော ဓာတ်ပုံများအရ စုံစမ်းစစ်ဆေးမည့် အဖွဲ့က အမှုမှန်ပေါ်ရေးကို အစွမ်းကုန်ကြိုးပမ်းသွားမည် ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဆိုင်ရာ ဝန်ကြီးတစ်ဦးက အင်္ဂါနေ့တွင် ပြောဆိုသည်။

ရိုးရိုးသားသားတွေးထင်သူတစ်ဦးအတွက် ထိုဓာတ်ပုံများမှာ စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ကောင်းကြောင်း ဗြိတိန်လက်နက်ကိုင်တပ်များဆိုင်ရာ ဝန်ကြီးအဒမ်အင်ဂရမ်က အောက်လွှတ်တော်တွင် ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မေ၁ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပျက်စီးနေသော အဆောက်အအုံများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၂၈ ရက်က အီရတ်နိုင်ငံဖော်လူဂျာမြို့တွင် ဒုံးကျည်ထိမှန်ခံခဲ့ရသော နေအိမ်အတွင်း အပျက်အစီးများကို ရှင်းလင်းနေသည့် အီရတ်အမျိုးသမီး တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၂၁ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဈေးဆိုင်များ ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၁ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ဖြစ်ပွားသောတိုက်ပွဲကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်အချို့ကို ဆေးရုံ၌ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၁ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်မရိန်းတပ်ဖွဲ့နှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏ တိုက်ပွဲကြောင့် ပျက်စီးခဲ့ရသည့် နေအိမ်တစ်အိမ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ဧပြီ ၂၁ရက်က ဒုံးကျည်များ ထိမှန်မှုကြောင့် အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်ရှိ နေအိမ် တစ်အိမ်၏ အပျက်အစီးများကို ဒေသခံများ ကြည့်ရှုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုးတက် သစ်လွင် မြန်ပြည် တစ်ခွင်

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် နွားလည်ကောက်တောင်ခြေအနီး တည်ဆောက်ထားသည့် ဆင်မင်း(၂) ဘိလပ်မြေစက်ရုံကို တွေ့ရစဉ်။

တဘူးလှ ရေလှောင်တမံ

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်တွင် တည်ဆောက်အကောင်အထည်ဖော်ခဲ့သည့် တဘူးလှ ရေလှောင်တမံသည် လယ်မြေဧက ၅၂၀၀၀ ကို အကျိုးပြုလျက်ရှိသည်။

(ဓာတ်ပုံ-စိုက်ပျိုးရေး)

ကရင်ပြည်နယ် ဘားအံမြို့နယ် မော်လမြိုင်-ဇာသပြင်-အိန္ဒူ-ဘားအံလမ်းပေါ်တွင် တည်ရှိပြီး ဂျိုင်းမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် ပေ ၂၉၀၀ ရှည် ဂျိုင်း(ဇာသပြင်) တံတားကြီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-ရွှေအင်းသား ခင်မောင်ဝင်း)

တာဝန်ကျရာဒေသကို ကိုယ့်ဇာတိရပ်ရွာလို့ သဘောထားပြီး ဒေသစီးပွားတိုးတက်ရေးအပါအဝင်
ပြည်သူ့စစ်မဟာဗျူဟာအတွက် အသားတကျဖြစ်နေအောင် ပြည်သူနဲ့ တစ်သွေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၇)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲများ၏ အနေးလျှောက် အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူစဉ်။ (သတင်းစဉ်)

❋ ရှေ့ဖုံးမှ

တပ်မတော်သားတွေဟာ မျိုးချစ်စိတ်ဓာတ်နဲ့ စွန့်လွှတ်စွန့်စားခဲ့ကြတယ်။ မျိုးချစ်စိတ်ဓာတ်ကြောင့် အပင်ပန်းအဆင်းရဲခံနိုင်ပြီး အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့တပ်မတော်အဖြစ် ရှင်သန်လာခဲ့တယ်။ ထို့အတူပဲ ရဲစွမ်းသတ္တိရှိခြင်း၊ စည်းကမ်းကောင်းခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ တစ်ဦးချင်း ကိုယ်ကျိုးကိုပဓာနမထားခြင်း၊ ဖွဲလုံ့လ ဝီရိယရှိခြင်း၊ စွမ်းရည်ရှိခြင်း စတဲ့ ဂုဏ်သတ္တိတွေဟာ မျိုးချစ်စိတ်ဓာတ်အပေါ်မှာ အခြေခံပြီး ဖြစ်ထွန်းလာကြတယ်။

ဒီလိုဂုဏ်အင်္ဂါတွေကြောင့်လည်း စိတ်ဓာတ်မြင့်မြတ်သောတပ်မတော်အဖြစ် ပြည်သူတွေရဲ့ ချစ်ခင်အားထားမှုကို ရရှိခဲ့တာပဲဖြစ်တယ်။ ပြည်သူရဲ့ရင်နှစ်သည်းချာဖြစ်တဲ့ မျိုးချစ်တပ်မတော်သားတွေဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ အပေါ်မှာသစ္စာကြီးမားခဲ့တယ်။ ဒါကြောင့်လဲ အမျိုးသားရေးကို အစဉ်ရှေးရှုတဲ့ တပ်မတော်ဟာ တို့တာဝန်အရေးသုံးပါးကို အမြဲတမ်း ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်မှာ အရေးကြုံတိုင်း ပြည်သူရှေ့က မားမားမတ်မတ်ရပ်တည်ခဲ့တာဖြစ်တယ်။ ရဲဘော်တို့ဟာ တပ်မတော်ရဲ့ မွန်မြတ်တဲ့ အစဉ်အလာတွေကို ဆက်လက်သယ်ပိုးကြရမယ့် ခေါင်းဆောင်ငယ်တွေဖြစ်တယ်။

ရဲဘော်တို့–

ရဲဘော်တို့ဟာ ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရတော့မှာဖြစ်တဲ့အတွက် ခေါင်းဆောင်မှု အရည်အသွေးရှိကြဖို့ လိုတယ်။ ခေါင်းဆောင်မှု အခြေခံသဘောတရားဆိုတာ ကွပ်ကဲမှုအောက် တပ်ဖွဲ့ဝင်တွေရဲ့ စိတ်ဓာတ်နဲ့အပြုအမူတွေကို စုစည်းရှေ့ဆောင်ပြီး ရည်မှန်းချက်တာဝန်ကို ပြီးမြောက်အောင်မြင်အောင် ထမ်းဆောင်ခြင်းပဲဖြစ်တယ်။ ရဲဘော်တို့ဟာ အခြေခံအားဖြင့် ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆)ရပ်နဲ့ ညီညွတ်စွာ ကျင့်ကြံနေထိုင်ကြရမယ်။

ထို့အတူပဲ ခေါင်းဆောင်တစ်ယောက်ဟာ လုပ်ဖော်ကိုင်ဖက်တွေရဲ့ ယုံကြည်လေးစားမှုကို ရရှိဖို့လိုတယ်။ အထူးသဖြင့် စစ်ဘက်တာဝန်မှာ မိမိကိုယ်တိုင်ရဲ့ အသက်အပါအဝင် ရဲဘော်ရဲဘက်တွေရဲ့ အသက်ပေါင်းများစွာဟာ ခေါင်းဆောင်ရဲ့ ဆုံးဖြတ်ချက်အပေါ်မှာ တည်မှီနေတာကြောင့် ခေါင်းဆောင်ဟာ တပ်ဖွဲ့ဝင်တွေရဲ့ ယုံကြည်ကိုးစားအားထားမှုကိုရဖို့ ပိုပြီးလိုအပ်တယ်။ ဒါကြောင့် ခေါင်းဆောင်တစ်ယောက်ဟာ စစ်မြေပြင်မှာပဲဖြစ်ဖြစ် တွေ့ကြုံရမယ့် အခြေအနေအရပ်ရပ်အပေါ် ကြိုတင်မျှော်တွေးပြီး အစီအစဉ်တကျ စဉ်းစားဆင်ခြင်ဝေဖန်သုံးသပ်ကာ သင့်လျော်မှန်ကန်တဲ့ ဆုံးဖြတ်ချက်တစ်ရပ်ရရှိဖို့အတွက် စနစ်တကျ ဖော်ထုတ်တတ်ရမယ်။ ဒါကို စစ်ရေးသုံးသပ်ခြင်းလို့ခေါ်တယ်။

တို့တပ်မတော်မှာ အသေးအဖွဲ့လုပ်ငန်းကစပြီး အလွန်ကြီးမားခက်ခဲတဲ့ တာဝန်ကြီးတွေအထိ မည်သည့်တာဝန်ကိုမဆို စစ်ရေးသုံးသပ်ပြီးမှ ဆောင်ရွက်ကြစမြဲဖြစ်တယ်။ ဒီလိုဆောင်ရွက်ရာမှာ ရှေးဦးစွာ ယခင်အတွေ့အကြုံများကရတဲ့ သင်ခန်းစာတွေ၊ မှားယွင်းချွတ်ချော်သွားခဲ့ရင် အတိမ်းအစောင်းမခံဘဲ ထိခိုက်နစ်နာ ရှုံးဆုံးသွားမယ့်အချက်တွေ စတဲ့ ကန့်သတ်ချက်တွေကို ဦးစွာဆင်ခြင်စဉ်းစားရတယ်။ ပြီးမှ အဲဒီကန့်သတ်ချက်တွေကြားက မဖြစ်မနေအောင်မြင်အောင် အကောင်အထည်ဖော်ရမယ့် ရည်ရွယ်ချက်ကို ဖော်ထုတ်ရမယ်။ထို့အတူပဲ ရည်ရွယ်ချက်အောင်မြင်စေဖို့ အထောက်အကူပြုမယ့် အကျုံးဝင်သောအချက်ကြီးများကို စုဆောင်းပြီး စနစ်တကျဝေဖန်ဆန်းစစ်ကာတိကျပြတ်သားတဲ့ ဖော်ထုတ်ချက်တွေကို ထုတ်ယူရမယ်။ ဖော်ထုတ်ချက်တွေကို အပြန်ပြန်အလှန်လှန်သုံးသပ်တဲ့အခါ ရန်သူလုပ်ကိုင်နိုင်တဲ့နည်းလမ်းနဲ့ မိမိဆောင်ရွက်နိုင်တဲ့ နည်းလမ်းအသွယ်သွယ်ကို တွေ့ရှိလာမှာဖြစ်တယ်။ အဲဒီနည်းလမ်းတွေကို နှိုင်းယှဉ်တွက်ဆခြင်းဖြင့်အကောင်းဆုံးနည်းလမ်းကို ရွေးချယ်နိုင်မှာဖြစ်ပြီး နောက်ဆုံးကျမှ ဆောင်ရွက်မယ့်စီမံချက်ကို ဆုံးဖြတ်ရတာဖြစ်တယ်။

ဒါကြောင့် တပ်မတော်သားဘဝမှာ ဘာပဲလုပ်လုပ် သတင်း၊ ရည်မှန်းချက်၊ လုပ်နည်း၊ အုပ်ချုပ်မှုနဲ့ ဆက်သွယ်ရေးဆိုတဲ့ အချက်တွေနဲ့ ဆောင်ရွက်ရတယ်။ ရေတိုရေရှည်အကျိုးအပြစ်ကိုလဲ တွက်ဆရတယ်။ ဒါမှသာ မျှော်မှန်းထားနိုင်ခြင်းမရှိတဲ့ အခြေအနေရှုပ်ထွေးမှုတွေနဲ့ရင်ဆိုင်ခဲ့ရရင်တောင်မှ ထိခိုက်နစ်နာဆုံးရှုံးမှု အနည်းဆုံးနဲ့ ရည်မှန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှာဖြစ်တယ်။ စစ်ရေးသုံးသပ်ခြင်းဆိုတာ စစ်ရေးမှာသာမကဘဲ

တပ်မတော်သားတို့ရဲ့ ဂုဏ်သိက္ခာအဖြစ် သဘောပေါက်ခံယူကြရမယ်။

ထို့အတူပဲ တပ်မတော်သားများအတွက် ပြဋ္ဌာန်းထားတဲ့ စစ်သည်တော်ကျင့်ဝတ် (၆၀)ဟာလည်း ကိုယ်ကျင့်သိက္ခာကို မြင့်မားစေတဲ့ အချက်တွေဖြစ်တယ်။ ဒီကျင့်ဝတ်တွေကြောင့်ပဲ တပ်မတော်ဟာ တကယ့်ယောကျ်ားမြတ်ဖြစ်စေတဲ့ တရားတွေကို သင်ကြားပေးတဲ့ ကျောင်းကြီးလို့ ခိုင်းနှိုင်းတင်စားသတ်မှတ်ခြင်းခံရ တာဖြစ်တယ်။ စစ်သည်တော်ကျင့်ဝတ်တွေကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ လိုက်နာစောင့်ထိန်းကြမယ်ဆိုရင် တပ်တွင်းတပ်ပြင် ပတ်ဝန်းကျင်အားလုံးမှာ မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားတွေနဲ့ လွှမ်းခြုံနေတာကို ခံစားကြရမှာဖြစ်တယ်။

ထို့အတူပဲ တစ်ဦးချင်းရဲ့ စည်းကမ်းဖောက်ဖျက်မှုဟာလဲ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဆိုတာမျိုး ဖြစ်တတ်တာမို့ ပုပ်တဲ့ငါးခုံးမကို စွန့်ပစ်ရတတ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ တပ်မတော်ရဲ့ ကျေးဇူးကို သိမြင်ပြီး စည်းကမ်းအရာမှာ စံနမူနာပြနေထိုင်ကြဖို့နဲ့ တပ်တွင်းစည်းကမ်းထိန်းသိမ်းရေးကို အထူးဂရုပြုဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့–

အဖွဲ့အစည်းမှန်သမျှဟာ စည်းနဲ့ကမ်းနဲ့ စည်းနှောင်ဘောင်ခတ်ထားမှသာ ကျစ်လျစ်ခိုင်မာပြီး တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်မှာ ဖြစ်တယ်။

ကောင်းရမယ်။ ဒါမှသာ စစ်ခေါင်းဆော
နိုင်မှာဖြစ်တယ်။ စစ်ရေးစွမ်းရည်၊ အုပ်ချ
မြင့်မားလာတာနဲ့အမျှ ကြီးမားတဲ့ နိုင်
တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ထမ်းဆေ
စစ်ဘက်ခေါင်းဆောင်ငယ်ဘဝမှာ စွမ်းရ
ကြဖို့ ပြောကြားလိုတယ်။

ရဲဘော်တို့–

စစ်ဆင်ရေးရဲ့ ရလဒ်ဟာ လေ့ကျင့်
တိုက်ရည်ခိုက်ရည်ကောင်းဖို့အတွက်
မိမိကိုယ်မိမိလည်း လေ့ကျင့်ရမယ်။ မိမိ
ပေးရမယ်။ တစ်ဦးချင်းလေ့ကျင့်ရေးကို
လေ့ကျင့်ရေးကိုလည်း ဆောင်ရွက်ရမယ်
အစုလိုက်လုပ်ရတဲ့လုပ်ငန်းဖြစ်တယ်။ သ
ချင်းဟာ ကိုယ်စီတာဝန်ကို ကျွမ်းကျင်ပို
တစ်ဦးချင်းမှသည် တပ်ဖွဲ့ကြီးအထိ
လိုတယ်။ ဒါကြောင့် အကြိမ်ကြိမ် အ
လိမ့်မယ်လို့ ခံယူထားကြရမယ်။

အမျိုးသားနိုင်ငံရေး၊ စီးပွားရေးနဲ့ အုပ်ချုပ်ရေးတို့အပြင် ဆုံးဖြတ်ချက်ချရမယ့်ကိစ္စကြီးငယ်အားလုံးမှာ သုံးနိုင်တာကြောင့် ရဲဘော်တို့အနေနဲ့ ကျင့်သားရနေကြဖို့ လိုအပ်တယ်။

ထို့အတူပဲ တပ်မတော်အရာရှိများအနေနဲ့ နိုင်ငံတော်ကာကွယ်ရေးအမြင်၊ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်နဲ့ အုပ်ချုပ်ရေးအမြင် စတဲ့ အမြင်လေးမြင်နဲ့ပြည့်စုံဖို့ လိုအပ်တဲ့အတွက် အစဉ်အမြဲစစ်ရေးသုံးသပ်ကာ အမြော်အမြင်ရှိကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့–

အဖွဲ့အစည်းတစ်ရပ်ရဲ့ ခေါင်းဆောင်ဟာ စည်းကမ်းထိန်းသိမ်းမှုကို မျှတမှန်ကန်စွာ ဆောင်ရွက်နိုင်ရမယ်။ အထူးသဖြင့် လက်နက်ကိုင် အဖွဲ့အစည်းကို ခေါင်းဆောင်ရတဲ့ ရဲဘော်တို့ဟာ စည်းကမ်းကို ပိုပြီးအလေးထားဖို့ လိုတယ်။ တပ်မတော်သားဘဝမှာ နယ်ဘက်ဥပဒေတွေကိုသာမက စစ်ဘက်ဥပဒေတွေနဲ့ စစ်စည်းကမ်းတွေကိုပါ တိတိကျကျလိုက်နာကြရတယ်။ ဒါကို

တို့တပ်မတော်ရဲ့ အဓိကတာဝန်သုံးရပ်ဟာ နိုင်ငံတော်ကို ကာကွယ်ရန်၊ လေ့ကျင့်ရန်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရန်တို့ ဖြစ်တယ်။

နိုင်ငံတော် ကာကွယ်ရေးတာဝန်နဲ့ ပတ်သက်လို့ပြောကြားရရင် နိုင်ငံတော်ရဲ့ ပိုင်နက်နယ်နိမိတ်နဲ့ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေးအတွက် ရဲဘော်တို့ဟာ အသက်ကိုပင် ရဲရဲဝံ့ဝံ့ စွန့်လွှတ်နိုင်သူတွေ ဖြစ်ရမယ်။ ရဲစွမ်းသတ္တိရှိပြီး တိုက်လိုခိုက်လိုစိတ်ရှိရမယ်။ ထို့အတူပဲ တိုက်ရည်ခိုက်ရည်လဲ

တက်ရောက်

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၇)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ထို့အတူပဲ သိပ္ပံနဲ့နည်းပညာ ထွန်းက
တွေဟာ တစ်ခုထက်တစ်ခုပိုမိုဆန်းသစ်
မပြတ်လေ့လာနေမှသာ ခေတ်ကိုအမီ
ခေါင်းဆောင်ငယ်များဖြစ်တဲ့ ရဲဘော်တို့
မကွက်ဆောင်ရွက်ကြဖို့ မှာကြားလိုတ

ရဲဘော်တို့–

ပြည်သူကြားက ပေါက်ဖွားလာတဲ့
အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားရမယ
လက်တွဲပြီး နိုင်ငံတော်ကို တည်ဆောက်
၅၃သန်းကျော်သော ပြည်သူတွေအတွက်
မြေးဆက်တွေအတွက်ပါ ပြည်သူ့အ
နေတာဖြစ်တယ်။ တပ်မတော်၊ အစိုးရနဲ့ ပြ
တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်
ဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ကွန်ရက်ပမာ
သမိုင်းမှတ်တိုင် ထူနိုင်သည်အထိ အလျ
ဖြစ်တယ်။

ထို့အတူပဲ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်
ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်
လျက်ရှိတယ်။ နိုင်ငံတော်လူဦးရေရဲ့ အမ
ဖွံ့ဖြိုးပါမှ နိုင်ငံသားအားလုံးရဲ့ လူမှုစီ
တိုးတက်လာမှာ ဖြစ်တယ်။ ဒါကြောင့်
ကြမယ့် ရဲဘော်တို့ဟာ တာဝန်ကျရာဒေ
ထားပြီး ဒေသစီးပွားတိုးတက်ရေးအပါအ
စဉ် ငါးရပ်ကို အားကြိုးမာန်တက်
လုပ်ကျွေးပြုစုကြရမယ်။ ထို့အတူပဲ ပြည်
တကျ ဖြစ်နေအောင် ပြည်သူနဲ့ တစ်သွေ
တည်း၊ တစ်ဝမ်းတည်း နေထိုင်သွားကြ

ရဲဘော်တို့–

ပြည်သူ့စစ်မဟာဗျူဟာဆိုတာ
မဏ္ဍိုင်ပြုပြီး နိုင်ငံတော်ကို ဝိုင်းဝန်းတ
စောင့်ရှောက် ခြင်းဖြစ်တယ်။ အေးချမ်း
နိုင်ငံတော်သစ်ကို ချီတက်နေတဲ့ တို့နိုင်
ရန်စွယ် မှန်သမျှကို တွန်းလှန်ချေမှုန်းရေး
မှာပဲရှိတယ်။ တို့နိုင်ငံဟာ ကမ္ဘာ့ကုလ

...က်ရေးအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို အားကြိုးမာန်တက်ဆောင်ရွက် ...သူနဲ့ တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း နေထိုင်သွား

ကောင်းရမယ်။ ဒါမှသာ စစ်ခေါင်းဆောင်ငယ်ဘဝကို အောင်မြင်စွာ ဖြတ်သန်းနိုင်မှာဖြစ်တယ်။ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နဲ့ စည်းရုံးရေးစွမ်းရည် မြင့်မားလာတာနဲ့အမျှ ကြီးမားတဲ့ နိုင်ငံတော်ကာကွယ်ရေး တာဝန်တွေကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ထမ်းဆောင်နိုင်ကြမှာဖြစ်တယ်။ ဒါကြောင့် စစ်ဘက်ခေါင်းဆောင်ငယ်ဘဝမှာ စွမ်းရည်ပြနိုင်ရေးအတွက် ရည်မှန်းကြိုးစားကြဖို့ ပြောကြားလိုတယ်။

ရဲဘော်တို့–

စစ်ဆင်ရေးရဲ့ ရလဒ်ဟာ လေ့ကျင့်ရေးအပေါ်မှာ တည်တယ်။ ဒါကြောင့် တိုက်ရည်ခိုက်ရည်ကောင်းဖို့အတွက် လေ့ကျင့်ရေးကို အလေးထားရမယ်။ မိမိကိုယ်မိမိလည်း လေ့ကျင့်ရမယ်။ မိမိရဲ့တပ်ဖွဲ့ဝင်တွေကိုလည်း လေ့ကျင့်ပေးရမယ်။ တစ်ဦးချင်းလေ့ကျင့်ရေးကိုလည်း ဆောင်ရွက်ရမယ်။ အဖွဲ့လိုက် လေ့ကျင့်ရေးကိုလည်း ဆောင်ရွက်ရမယ်။ တိုက်ပွဲဝင်တယ်ဆိုတာ အဖွဲ့လိုက်၊ အစုလိုက်လုပ်ရတဲ့လုပ်ငန်းဖြစ်တယ်။ သို့သော်အဖွဲ့၊ အစုထဲမှာပါတဲ့ တစ်ဦးချင်းဟာ ကိုယ်စီတာဝန်ကို ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ဖို့လိုတယ်။ တစ်ဦးချင်းမှသည် တပ်ဖွဲ့ကြီးအထိ တက်ညီလက်ညီရှိဖို့နဲ့ ဟန်ချက်ညီဖို့ လိုတယ်။ ဒါကြောင့် အကြိမ်ကြိမ် အထပ်ထပ်လေ့ကျင့်ပါမှ တန်ကာကျလိမ့်မယ်လို့ ခံယူထားကြရမယ်။

ထို့အတူပဲ သိပ္ပံနဲ့နည်းပညာ ထွန်းကားလာတာနဲ့အမျှ စစ်ပွဲရဲ့ ပုံသဏ္ဌာန်တွေဟာ တစ်ခုထက်တစ်ခုပိုမိုဆန်းသစ်လာလျက်ရှိတယ်။ ဒါတွေကို စဉ်ဆက်မပြတ်လေ့လာနေမှသာ ခေတ်ကိုအမီလိုက်နိုင်မှာ ဖြစ်တယ်။ ဒါကြောင့် ခေါင်းဆောင်ငယ်များဖြစ်တဲ့ ရဲဘော်တို့ဟာ လေ့ကျင့်ရေးတာဝန်ကို မပျက်မကွက်ဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့–

ပြည်သူကြားက ပေါက်ဖွားလာတဲ့ တို့တပ်မတော်သားတွေဟာ ပြည်သူ့အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားရမယ်။ ယနေ့ တပ်မတော်က ပြည်သူနဲ့လက်တွဲပြီး နိုင်ငံတော်ကို တည်ဆောက်နေတာဟာလည်း အခါအခွင့်ရတုန်း ၅၃သန်းကျော်သော ပြည်သူတွေအတွက်သာမက နောက်လာမယ့် သားစဉ်မြေးဆက်တွေအတွက်ပါ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို ဆောင်ရွက်နေတာဖြစ်တယ်။ တပ်မတော်၊ အစိုးရနဲ့ ပြည်သူတို့ လက်တွဲပြီး နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနဲ့ အထူးဒေသကြီး ၂၄ခု ဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ကွန်ရက်ပမာ ချိတ်ဆက်ဆောင်ရွက်လျက်ရှိရာမှာ သမိုင်းမှတ်တိုင် ထူနိုင်သည်အထိ အလျင်အမြန် အကောင်အထည်ဖော်နိုင်ပြီဖြစ်တယ်။

ထို့အတူပဲ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးမှာ အကြားအလပ်မကျန်ရအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိတယ်။ နိုင်ငံတော်လူဦးရေရဲ့ အများစုနေထိုင်ရာ ကျေးလက်ဒေသတွေ ဖွံ့ဖြိုးပါမှ နိုင်ငံသားအားလုံးရဲ့ လူမှုစီးပွားရေးဘဝဟာ အခြေခံခိုင်မာစွာ တိုးတက်လာမှာ ဖြစ်တယ်။ ဒါကြောင့် နေရာဒေသ အနှံ့အပြားကို ရောက်ရှိကြမယ့် ရဲဘော်တို့ဟာ တာဝန်ကျရာဒေသကို ကိုယ့်ဇာတိရပ်ရွာလို့ သဘောထားပြီး ဒေသစီးပွားတိုးတက်ရေးအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကို အားကြိုးမာန်တက် ဆောင်ရွက်ခြင်းဖြင့် မိဘပြည်သူကို လုပ်ကျွေးပြုစုကြရမယ်။ ထို့အတူပဲ ပြည်သူ့စစ်မဟာဗျူဟာအတွက် အသားတကျ ဖြစ်နေအောင် ပြည်သူနဲ့ တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း နေထိုင်သွားကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့–

ပြည်သူ့စစ်မဟာဗျူဟာဆိုတာ ပြည်သူတစ်ရပ်လုံးကတပ်မတော်ကို မဏ္ဍိုင်ပြုပြီး နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ခြင်း၊ ဝိုင်းဝန်းကာကွယ်စောင့်ရှောက် ခြင်းဖြစ်တယ်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကို ချီတက်နေတဲ့ တို့နိုင်ငံတော်မှာ ပြည်တွင်းပြည်ပ အဖျက်ရန်စွယ် မှန်သမျှကို တွန်းလှန်ချေမှုန်းရေးအတွက် ပြည့်အင်အားဟာပြည်တွင်းမှာပဲရှိတယ်။ တို့နိုင်ငံဟာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်မှာ ရှိသမျှနိုင်ငံ အားလုံးနဲ့ ခင်မင်ရင်းနှီးစွာမိတ်ဝတ်မပျက်ဆက်ဆံလျက်ရှိသော်လည်း နိုင်ငံတော်ကြီး အစဉ်အမြဲ အေးချမ်းသာယာတည်ငြိမ်နေဖို့အတွက်ကတော့ သတိတရားကို အမြဲလက်ကိုင်ထားရမှာဖြစ်တယ်။ ဒါကြောင့် အမြဲတမ်း လေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်ဆိုတဲ့ မြဲသုံးမြဲကို မလွတ်တမ်း ဆောင်ကြဖို့ ပြောကြားလိုတယ်။

ရဲဘော်တို့–

နိဂုံးအနေနဲ့ပြောရရင် တပ်မတော်(ကြည်း)တွင် စွမ်းရည်ပြည့်ဝသော အရာရှိကောင်းများ ဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုအား ပိုင်နိုင်စွာ ဦးစီးကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်ရန်ဆိုတဲ့ သင်တန်းရဲ့ ရည်ရွယ်ချက်အတိုင်း နိုင်ငံတော်နဲ့ တပ်မတော်အတွက် အားထားလောက်တဲ့ စစ်ဘက် ခေါင်းဆောင်များဖြစ်အောင် ကြိုးစားကြဖို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

ဗိုလ်လောင်းတပ်ခွဲစစ်ဆေး

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၀၇)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

(သတင်းစဉ်)

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၇)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

အခမ်းအနားတွင် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးပြီးနောက် ဗိုလ်လောင်းတပ်ခွဲများ၏ အနေးလျှောက် အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၇)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၁၂၈)ဗိုလ်လောင်း ထွန်းထွန်းဦးအား ငွေဓားဆုကို ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးကသင်တန်းဆင်း ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားသည်။

(ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ မိန့်ခွန်းအပြည့်အစုံကို ရှေ့ဖုံးတွင် စတင်ဖော်ပြထားပါသည်။)

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် စစ်ရေးပြကွင်းမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

မြန်မာ–ထိုင်း ကွန်ပျူတာဆွေးနွေးပွဲ

ရန်ကုန် မေ ၆

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF)နှင့် ထိုင်းနိုင်ငံ National Electronics and Computer TechnologyCenter(NECTEC) တို့၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ Myanmar-Thai Co-Workshop on Myanmar Language Implementation ကို ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ MICT Park ၌ မေ ၇ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၅-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း:

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ ရိုးရာကျေးလက်ကစားနည်း
- ၇:၅၅ ၇။ အကပြိုင်ပွဲ
- ၈:၀၀ ၈။ တေးသရုပ်ဖော်အစီအစဉ်
- ၈:၁၀ ၉။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၂၀ ၁၀။ ပိုင်ကျုံရေထိန်းတံခါး
- ၈:၃၀ ၁၁။ International News.
- ၈:၄၅ ၁၂။ English For Everyday Use.
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Demonstration Exercises for Correct Pronunciation,
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၄၀ ၈။ တေးဂီတအစီအစဉ်
- ၅:၅၀ ၉။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၆:၀၀ ၁၀။ နှောင်းခေတ်တေးပဒေသာ
- ၆:၁၅ ၁၁။ Discovery.
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးနတ်မယ်(အပိုင်း–၂၀)**
- ၇:၃၀ ၁၅။ တေးဂီတအစီအစဉ်
- ၇:၄၀ ၁၆။ ရန်ကုန်တိုင်းပေါင်းလင်း (ငမိုးရိပ်ရေကူ)ရေလှောင်တမံ
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း "မေနိုင်း" (အပိုင်း–၂) (ကျော်ဟိန်း၊နန္ဒာလှိုင်) (ဒါရိုက်တာ–ကျော်ဇောလင်း)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီး ရှင်သန်ဖွံ့ဖြိုးတိုးတက်နေသည့်အပြင် ထူးချွန်ထက်မြက်သော ကြက်ခြေနီမောင်မယ်များ စဉ်ဆက်မပြတ်ပေါ်ထွန်း

ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများကို နိုင်ငံတကာနှုန်းစံနှင့်အညီလှုပ်ရှားနေ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ညီညာတက်ကြွစွာဆောင်ရွက်လျက်ရှိ

ရန်ကုန် မေ ၆

မြန်မာနိုင်ငံကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ–၂၀၀၄ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)ခန်းမ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ (၂၀၀၄) ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)



တက်ရောက်

ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ–၂၀၀၄ ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ထူးချွန်ကြက်ခြေနီလူငယ်များတွေ့ဆုံပွဲ ၂၀၀၄ သို့တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်းများမှ ထူးချွန်ကြက်ခြေနီမောင်မယ်များ စုံညီစွာတက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေနှင့် မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ၌ အားကိုးအားထားပြုရမည့် ထူးချွန်ထက်မြက်သော လူငယ်များ ဘက်စုံကဏ္ဍစုံမှာ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရေး အတွက်သော်လည်းကောင်း၊ စုစည်းခိုင်မာသော အမျိုးသားရေးစွမ်းအားစုများ တိုးတက်ဖြစ်ထွန်းလာစေရေး အတွက်သော်လည်းကောင်းအဘက်ဘက်ကအားပေးဆောင်ရွက်လျက်ရှိကြောင်း။

ယခုလို အခြေအနေအချိန်အခါမျိုးတွင် မွန်မြတ်သန့်စင်သည့် နိုင်ငံ့အကျိုးပြု ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကိုစွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး ရှင်သန်ဖွံ့ဖြိုးတိုးတက်နေသည့်အပြင် ယခုကဲ့သို့ ထူးချွန်ထက်မြက်သော ကြက်ခြေနီမောင်မယ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေခြင်းသည် နိုင်ငံတော်၏ မျှော်မှန်းကြိုးပမ်းချက်များနှင့်လျှော်ညီစွာ အနာဂတ်ကာလတွင် ပခုံးပြောင်းတာဝန်ယူကြရမည့် ထက်မြက်သော လူငယ်များ၏ အစွမ်းအစကို ဖော်ထုတ်ပြသနေခြင်းပင်ဖြစ်သည်ဟု ပထမဦးစွာပြောကြားလိုကြောင်း။

အကျိုးဖြစ်ထွန်း

ယခုလို တစ်နိုင်ငံလုံးတွင်ရှိသည့် ထူးချွန်ထက်မြက်သော ကြက်ခြေနီမောင်မယ်များကို ရွေးချယ်စုစည်းတက်ရောက်စေသည့်ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲများကို နှစ်စဉ် အစဉ်အလာမပျက် ဖွင့်လှစ်ပြီး စုပေါင်းဆွေးနွေးပညာပေးမှု၊ စခန်းသွင်းလေ့ကျင့်ပျိုးထောင်မှုများ ပြုလုပ်နေခြင်းသည် နိုင်ငံ့အကျိုးပြု လုပ်ငန်းတာဝန်များကို စေတနာ့ဝန်ထမ်း ထမ်းဆောင်နေသည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီး အတွက်ခွန်အားသစ်၊ စွမ်းအားသစ်များ တိုးတက်ပွားများလာစေမည့် အစီအစဉ်တစ်ရပ်ဖြစ်ခြင်းကြောင့် နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းကများစွာအကျိုးဖြစ်ထွန်းစေမှာ ဧကန်အမှန်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ စုစည်းရောက်ရှိနေကြသည့် ထူးချွန်ကြက်ခြေနီမောင်မယ်များအနေနှင့် ယခုလို ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲကို တက်ရောက်ခွင့်ရရှိခြင်းသည် မိမိတို့၏ ထူးချွန်ထက်မြက်မှု၊ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်နိုင်မှုတို့အတွက်မိခင်အသင်းကြီးက ဂုဏ်ပြုချီးမြှောက်ခြင်းဖြစ်သလိုပိုမိုပြီး ထူးချွန်ထက်မြက်သော၊ အရည်အသွေးပြည့်ဝသော ကြက်ခြေနီမောင်မယ်များဖြစ်လာစေရေးအတွက် စခန်းသွင်းလေ့ကျင့် ပျိုးထောင်ပေးခြင်းလည်းဖြစ်သည်ကို နားလည်ခံယူပြီး အသင်းကြီး၏ မိမိတို့အပေါ်ထားရှိသည့် မျှော်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရန်ဆက်လက်ကြိုးစားအားထုတ်သွားကြပါဟုမှာကြားလိုကြောင်း။

ယနေ့ အချိန်အခါတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် အမျိုးသားရေး စွမ်းအားစုများအားလုံး ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းပြီး မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေး၊ နိုင်ငံတကာအလယ်တွင် အမျိုးသားရေး၊ ဂုဏ်သိက္ခာမြင့်မားထည်ဝါစွာဖြင့် ရင်ပေါင်တန်းရပ်တည်နိုင်စေရေးတို့အတွက် တစ်မျိုးသားလုံး အားထုတ် ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်ကာလဖြစ်ကြောင်း။

ပါဝင်ကြိုးပမ်း

ယခုလို အချိန်အခါကာလဖြစ်သည်နှင့်အညီပြည်သူများအကြားက ရှင်သန်ပေါက်ဖွားလာပြီး ပြည်သူများ၏ သားသမီးများနှင့် ဖွဲ့စည်းတည်ထောင်ထားသည့်စစ်မှန်သော စေတနာ့ဝန်ထမ်းလူမှုရေး အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးကိုလည်း အခြားသော အမျိုးသားရေးအင်အားစုများနည်းတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ပါဝင်ကြိုးပမ်းစွမ်းဆောင်နိုင်စေရန် အခြေအနေနှင့်အခွင့်အလမ်းများကို နိုင်ငံတော်အစိုးရက ဖန်တီးဖော်ဆောင်ပေးထားခြင်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုများနှင့် လျော်ညီထိုက်တန်စွာ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများနှင့် ယှဉ်တွဲပြီးလူမှုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားရေးတာဝန်များကို အားကြီးမာန်တက် ညီညာဖြဖြ ကြိုးပမ်းထမ်းရွက်နိုင်လျက်ရှိပြီး အရှိန်အဟုန်နှင့် ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

နိုင်ငံတကာမျက်နှာစာ

ထို့အပြင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးအနေနှင့် နိုင်ငံတကာ ကြက်ခြေနီအဖွဲ့အစည်းများ ဖြစ်ကြသည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖယ်ဒရေးရှင်း(IFRC)တို့နှင့်သာမက ကမ္ဘာ့နိုင်ငံအသီးသီးမှ အမျိုးသားကြက်ခြေနီအသင်းများနှင့်ပါ လက်တွဲပူးပေါင်းပြီး နိုင်ငံတကာ ကြက်ခြေနီလှုပ်ရှားဆောင်ရွက်မှုများကို နိုင်ငံတကာမျက်နှာစာတွင် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်နေပြီလည်း ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ လှုပ်ရှားဆောင်ရွက်မှုများကို ကြည့်မည်ဆိုပါက မိမိတို့၏ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့် အညီလှုပ်ရှားဆောင်ရွက်နေသလို မြန်မာ့ရေမြေသဘာဝ၊ မြန်မာ့သမိုင်းကြောင်းအခြေခံ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်နှုန်းစံများ၊ အမျိုးသားရေးဝိသေသထူးခြားချက်များနှင့် ဆီလျော်ညီညွတ်သည့် ပြည်သူများ၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှု၊ ကျန်းမာရေး အဆင့်အတန်းမြှင့်တင်မှုလုပ်ငန်းများ၊ ပြည်သူများ၏ လူမှုရေးဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားရေးတာဝန်များကိုပါ ညီညာတက်ကြွစွာ လှုပ်ရှားဆောင်ရွက်လျက်ရှိနေသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

လူငယ်လူရွယ်အများစု

အထူးသဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် လူငယ်လူရွယ်များအများစုဖြစ်သည့် စေတနာ့ဝန်ထမ်းလူမှုရေးစိတ်ဓာတ် ထက်သန်မြင့်မားသည့် ပြည်သူများကို အသင်းကြီး၏ အလံတော်အောက်၌ စုစည်းပြီး နိုင်ငံ့အကျိုးပြု တိုင်းကျိုးပြည်ဆောင် အမျိုးသားရေးစွမ်းအားစုကြီးတစ်ရပ် ဖြစ်လာအောင် စည်းရုံးဦးဆောင်မှုပေးနိုင်နေခြင်းသည် နိုင်ငံတော်၏ အနာဂတ်ရေးအတွက် တန်ဖိုးရှိထိုက်တန်သည့် ရေခံမြေခံကောင်းတစ်ရပ် ဖြစ်ထွန်းနေခြင်းပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် နယ်စပ်အစွန်အဖျားဒေသများနှင့် အခြေခံဒေသ ကျေးလက်များအထိ တစ်နိုင်ငံလုံး၌ ဖြန့်ကြက်ပြီးကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများနှင့်အမျိုးသားရေးတာဝန်များကို ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံဆောင်ရွက်နေသည့် အမျိုးသားရေး စွမ်းအားစုကြီးတစ်ရပ်ဖြစ်သည်နှင့် အညီ အသင်းကြီးနှင့် မွန်မြတ်မြင့်မားသည့် လုပ်ငန်းများအောင်မြင် ဖြစ်ထွန်းစေရေးတွင်စေတနာ့ဝန်ထမ်းကြက်ခြေနီမောင်မယ်များ၏ စိတ်ဓာတ်၊ အရည်အသွေးနှင့်ကျွမ်းကျင်မှု စွမ်းရည်မြင့်မားခိုင်မာစေရေးသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

ထို့ကြောင့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ၊ လုပ်ငန်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများ၊ စုဖွဲ့လေ့ကျင့်ပျိုးထောင်မှုများအပြင် ယခုလိုထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲများ ဖွင့်လှစ်ပြီး စခန်းသွင်း လေ့ကျင့်ပေးမှုများသည် အရည်အသွေးပြည့်ဝသည့် ကြက်ခြေနီမောင်မယ်များ ပိုမိုတိုးတက် ဖြစ်ထွန်းလာစေပြီး အသင်းကြီး၏ စွမ်းဆောင်ရည် ထက်မြက်မြင့်မားမှုနှင့်အတူ မျှော်မှန်းချက်များနှင့်အညီ လုပ်ငန်းများ အကောင်အထည်ပေါ် ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများကိုပါ ဖန်တီးဖော်ဆောင်ပေးနိုင်မှာ အမှန်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ အထူးဒေသကြီး

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ➪

အမှာစကား ပြောကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေး နှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ စတုတ္ထနှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

● စိုက်ပျိုးရေးမှ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် ယနေ့အချိန်အခါသည် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေး၊ နိုင်ငံတကာ့အလယ်တွင် အမျိုးသားရေးဂုဏ်သိက္ခာ တင့်တယ်မြင့်မားထည်ဝါစွာ ရင်ပေါင်တန်း ရပ်တည်နိုင်စေရေးတို့အတွက် တစ်မျိုးသားလုံးက အမျိုးသားရေး စိတ်ဓာတ် မြင့်မားခိုင်ကျည်စွာ တက်ညီလက်ညီ လက်တွဲကြိုးပမ်း စွမ်းဆောင်နေသည့် အချိန်ကာလဖြစ်ကြောင်း။

ဝမ်းမြောက်ဂုဏ်ယူဖွယ်

ယခုကဲ့သို့ အချိန်အခါမျိုးတွင် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားစီးပွားရေးဘဝ တိုးပွားခိုင်မာတောင့်တင်းရေးတွင် အရေးပါလှသော စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍက ဝါရင့် သမ္မာရင့် ပညာရှင်ကြီးများအနေဖြင့် ယခုကဲ့သို့ စုစည်းခိုင်မာသော ပညာရှင်အဖွဲ့ကြီးအဖြစ် ညီညာဖြိုဖြိ လှုပ်ရှားဆောင်ရွက်နေခြင်းသည် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် များစွာအထောက်အကူပြုလျက်ရှိသကဲ့သို့ ပညာရပ်ဆိုင်ရာစွမ်းအားစုကြီး တစ်ရပ် ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေခြင်းကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအသီးသီးကို သိပ္ပံနှင့် နည်းပညာရပ်များ၏ အံ့မခန်း တိုးတက်ပြောင်းလဲမှုများက လွှမ်းမိုးပိုင်းဖြတ်လျက်ရှိနေသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်လို မိမိနိုင်ငံ မိမိလူမျိုးတိုးတက်ကြီးပွားရေးအတွက် ကိုယ့်အားကိုယ်ကိုး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံအဖို့ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုအလျဉ်နှင့် အမီလိုက်ပါနိုင်ရေးသည် မိမိနိုင်ငံသူ နိုင်ငံသား ပညာရှင်များ၏ ကြိုးပမ်းစွမ်းဆောင်မှုအပေါ်တွင် အဓိကတည်မှီလျက်ရှိနေကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်မည့် သိပ္ပံနှင့်နည်းပညာရပ်များ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍအသီးသီးတွင် နိုင်ငံတကာအဆင့်မီ တိုးတက်ဖြစ်ထွန်းလာစေရန်အတွက် သာမက နိုင်ငံတကာမျက်နှာစာ၌ မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် မြှင့်တင်နိုင်စေရေးအတွက် သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ဖြစ်ထွန်းမှုများနှင့် ယှဉ်တွဲပြီး အမျိုးသားစီးပွားရေးစွမ်းအားကို အခိုင်အမာ တည်ဆောက်ထားနိုင်စေရန်အတွက်ပါ မိမိနိုင်ငံသူ နိုင်ငံသားပညာရှင်များက မိမိတို့ တတ်သိကျွမ်းကျင်ရာ ပညာရပ်ဆိုင်ရာအရ ဦးဆောင်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ အခြေအနေ အချိန်အခါမျိုးတွင် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသော လမ်းညွှန်ချက်များနှင့်အညီ သိပ္ပံနှင့်နည်းပညာဆိုင်ရာ နယ်ပယ်ကဏ္ဍအသီးသီးက ပညာရည်ထက်မြက်မြင့်မားပြီး အတွေ့အကြုံရင့်ကျက်သည့်အပြင် မိမိနိုင်ငံ မိမိလူမျိုး အကျိုးစီးပွားအတွက် အမျိုးသားရေး စိတ်ဓာတ် ထက်သန်မြင့်မားစွာဖြင့် ပါဝင်ကြိုးပမ်း စွမ်းဆောင်လိုစိတ်ရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်ကြီးများကို ပညာရပ်ဆိုင်ရာအလိုက် ပညာရှင်အဖွဲ့များအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းသည် နိုင်ငံတော်အတွက်သော်လည်းကောင်း၊ မိမိတို့ ပုဂ္ဂိုလ်ရေးအတွက်သော်လည်းကောင်း များစွာ ဂုဏ်သိက္ခာရှိစေပြီး နိုင်ငံတော်အတွက်လည်း များစွာအကျိုးဖြစ်ထွန်းစေလျက်ရှိကြောင်း။

များစွာအထောက်အကူပေး

ယနေ့ နိုင်ငံတကာတွင်ကြည့်လျှင်လည်း သိပ္ပံနှင့်နည်းပညာဆိုင်ရာ အကယ်ဒမီများ ဖွဲ့စည်းပြီး ၎င်းအကယ်ဒမီများအောက်တွင် ပညာရပ်မျိုးကွဲများအလိုက် ဘာသာရပ်ဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်း၍ သုတေသနပြုမှု၊ အကြံဉာဏ်ကောင်းများပြုစုမှု ဆောင်ရွက်နေကြသည့် အစဉ်အလာတစ်ရပ် ဖြစ်ထွန်းနေသည်ကို တွေ့မြင်နေရကြောင်း၊ ဤပညာရပ်ဆိုင်ရာအဖွဲ့များသည် သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးမှုအတွက်သာမက နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ များစွာအထောက်အကူပေးနိုင်သည်ကို တွေ့ရကြောင်း။

ထို့ကြောင့် ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအတွက်လည်း ပညာရှင်အဖွဲ့ (Academy)များ ဖွဲ့စည်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် တစ်ခန်းတစ်ကဏ္ဍက ပါဝင်စွမ်းဆောင်စေခြင်းသည် မရှိမဖြစ်သော အစီအမံတစ်ရပ်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် ရေမြေသဘာဝ ရာသီဥတု မျှတပြီး အဖိုးတန်သယံဇာတများ ပေါများကြွယ်ဝလှသည့်အပြင် မြန်မာနိုင်ငံသူ နိုင်ငံသား ပြည်သူများသည်လည်း ပင်ကိုဗီဇအားဖြင့် ဉာဏ်ရည်ဉာဏ်သွေး မြင့်မားပြီး ပညာကို တန်ဖိုးထားလိုလားသည့် စိတ်ဓာတ်အခြေခံလည်း ရှိထားပြီး ဖြစ်သည့်အတွက် ပညာရပ်ဆိုင်ရာအလိုက် အရည်အသွေးမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပြီး နိုင်ငံတော်၏ ကြွယ်ဝလှသော အဖိုးထိုက် သယံဇာတအရင်းအမြစ်များကို တန်ဖိုးရှိရှိ အသုံးချနိုင်အောင် ပညာရပ်ဆိုင်ရာ စွမ်းပကားဖြင့် ပညာရှင်အဖွဲ့အသီးသီးက အားထုတ်ကြိုးပမ်း စွမ်းဆောင်ပေးနိုင်သည်နှင့်အမျှ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည်လည်း ပိုမိုတိုးတက်မြင့်မားလာမှာ မလွဲဧကန်ပင် ဖြစ်ကြောင်း။

ယနေ့နိုင်ငံတကာတွင် သဘာဝသယံဇာတ ထုတ်လုပ်အသုံးပြုမှုကို စီးပွားရေးအမြင် သက်သက်ဖြင့်သာမဟုတ်ဘဲ လူမှုဖွံ့ဖြိုးရေးအမြင်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အမြင်ဖြင့် ယှဉ်တွဲဆောင်ရွက်နေကြသည်သာမက သဘာဝသယံဇာတ ထုတ်လုပ်မှုကို ပိုမိုတန်ဖိုးမြင့်မားအောင် နည်းပညာစွမ်းပကားဖြင့် ပြုပြင်မြှင့်တင် ဖန်တီးဆောင်ရွက်လာကြသည့်အတွက် တန်ဖိုးပိုမိုမြင့်မား လာသကဲ့သို့ ပညာရှင်များ၏ စွမ်းဆောင်နိုင်မှုအရည်အသွေးလည်း ပိုမို၍ပင် တိုးတက်မြင့်မားလာလျက်ရှိနေပြီဖြစ်ကြောင်း။

စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများသည် မြန်မာနိုင်ငံအတွက် အခြေခံအကျဆုံး၊ အားအထားရဆုံး အရင်းအမြစ်များဖြစ်သည့် အပြင် နိုင်ငံသူ၊ နိုင်ငံသား ပြည်သူအများစုကြီး၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်လည်း ဆက်စပ်လျက်ရှိခြင်းကြောင့် အမျိုးသားစီးပွားရေးဘဝ မြှင့်တင်ပေးရေးအတွက်ရော ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက်ပါ ပဓာနကျသည့် တွန်းအားတစ်ရပ်အဖြစ် နိုင်ငံတော်အစိုးရက ခံယူပြီး စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား ကြိုးပမ်းစွမ်းဆောင်ပေးနေခြင်းဖြစ်ကြောင်း။

များစွာအကျိုးဖြစ်ထွန်း

ထို့ကြောင့် ယခုကဲ့သို့ အခြေအနေ အချိန်အခါမျိုးတွင် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ကြီး၏ ပညာရပ်ဆိုင်ရာ အထောက်အကူပြုပံ့ပိုးပေးမှု၊ ပညာရပ်ဆိုင်ရာ အခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းလာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားဖြစ်ထွန်းလာစေရေးတို့အတွက် ပံ့ပိုးဆောင်ရွက်ပေးမှု၊ နိုင်ငံတော်ကို အကျိုးပြုနိုင်မည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြည်သူများအကြား ပညာဉာဏ် အမြော်အမြင် တိုးတက်မြင့်မားရေး၊ နည်းပညာပြန့်ပွားရေးနှင့် ကျွမ်းကျင်မှု အရည်အသွေးများ စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန် နေစေရေးတို့အတွက် ပညာပေးဖြန့်ဖြူးမှုစသည့် ကြိုးပမ်းစွမ်းဆောင်မှုများသည် နိုင်ငံတော်အတွက်ရော၊ ပြည်သူများအတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေလျက်ရှိသည်ဟု ပြောကြားလိုကြောင်း။

ပညာရှင်အဖွဲ့ကြီးအနေဖြင့် ဘာသာရပ်ဆိုင်ရာ သီးခြားစာအုပ်စာတမ်းများ ပြုစုထုတ်ဝေလျက်ရှိသည့်အပြင် နှစ်စဉ်ကျင်းပသည့် သုတေသန စာတမ်းဖတ်ပွဲများ၌ တင်သွင်းဖတ်ကြားခဲ့သည့် စာတမ်းများကို ပုံနှိပ်ထုတ်ဝေမှု၊ စာတမ်းဖတ်ပွဲများ၌ တင်ပြခြင်းမပြုရသေးသော သုတေသနတွေ့ရှိချက်များကို စာတမ်းပြုစုပြီး နည်းပညာဂျာနယ်အသွင်ဖြင့် တစ်နှစ် နှစ်ကြိမ် ထုတ်ဝေမှုများ ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း။

ထို့အပြင် ပညာရှင်အဖွဲ့၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပညာရှင်အဖွဲ့ဝင်များသည် မိမိတို့ တတ်သိကျွမ်းကျင်ရာ ပညာရပ်များအလိုက် တက္ကသိုလ်များတွင် စာပေသင်ကြားပို့ချပေးမှုများ၊ ဘွဲ့လွန်သင်တန်းများအတွက် ကြီးကြပ်သူအဖြစ် ဆောင်ရွက်ပေးမှုများ၊ ပြင်ပစာစစ်မှူးများအဖြစ် ဆောင်ရွက်ပေးမှုများ အပြင် နိုင်ငံတော်အစိုးရ၏ ဌာနဆိုင်ရာ နည်းပညာသင်တန်းများတွင် ပါဝင်ပို့ချပေးမှုများ စသည်ဖြင့် မိမိတို့ကျွမ်းကျင်ရာ အတတ်ပညာများကို လက်ဆင့်ကမ်းဖြန့်ဝေပေးနေမှုများ အခါမလပ်ပြုလုပ်နိုင်ခြင်းသည် အလွန်ကောင်းမွန်သော ကြိုးပမ်းဆောင်ရွက်ချက်များပင်ဖြစ်ကြောင်း။

ထို့အပြင် ပညာရပ်များပြန့်ပွားရေးနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများ ဖော်ထုတ်နိုင်ရေးအတွက် အစိုးရဌာနအချင်းချင်း ပေါင်းစည်း၍ Seminar များ၊ Workshop များကိုလည်း စည်းရုံးဆောင်ရွက်နိုင်ခဲ့သည့်အပြင် နိုင်ငံတကာမှ ထင်ရှားသော သိပ္ပံပညာရှင်များကို ဖိတ်ခေါ်ပြီး ဆွေးနွေးပွဲ၊ ဟောပြောပွဲများ ကျင်းပမှုများ၊ နိုင်ငံခြားတိုင်းပြည်များမှ ပညာရှင်များနှင့် ပူးပေါင်းပြီး ကွင်းဆင်းလေ့လာ ဆွေးနွေးမှုများပြုလုပ်ပြီး မျိုးဆက်သစ် ပညာရှင်များအတွက် ဗဟုသုတနှင့် အတွေ့အကြုံများကို တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးနေမှုများသည်လည်း အလွန်အကျိုးရှိသော ဆောင်ရွက်ချက်များပင် ဖြစ်ကြောင်း။

ပညာရှင်အဖွဲ့အနေဖြင့် သုတေသန စာတမ်းဖတ်ပွဲများကိုလည်း နှစ်စဉ်ကျင်းပလျက်ရှိရာတွင် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၃ ခုနှစ်အထိ စာတမ်းပေါင်း ၁၉၅စောင် တင်သွင်းဖတ်ကြား ဆွေးနွေးနိုင်ခဲ့ပြီး ထိုသုတေသနစာတမ်းများကို အင်တာနက်မှတစ်ဆင့် ထုတ်ယူဖတ်ကြားနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရကြောင်း။

သို့သော်လည်း သုတေသနပြုမှုအပိုင်းတွင် လက်ရှိတာဝန်ထမ်းဆောင်ဆဲ ပညာရှင်များအနေဖြင့် မိမိတို့၏ ပင်မဌာနအတွက်သာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ပြီး အခြားသော နိုင်ငံ့အကျိုးဖြစ်ထွန်းစေမည့် ဘာသာရပ်စုံ သုတေသနပြုမှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် လိုအပ်ပါသေးသည်ဟု ပြောကြားလိုကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ မူဝါဒများ၊ အမျိုးသားစီးပွားရေးစီမံကိန်းများ၊ အမျိုးသားပညာရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မိမိတို့၏ ဌာနဆိုင်ရာရည်မှန်းချက်တာဝန်များ၏ မူဘောင်အတွင်းကနေ နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွားဖော်ဆောင်မှုလုပ်ငန်းများတွင် အကျိုးရှိအထိရောက်ဆုံး အသုံးချနိုင်စေရအောင် ပညာရှင်အဖွဲ့ဝင်ပညာရှင်ကြီးများအားလုံး ပူးပေါင်းပါဝင် ကြိုးပမ်းဖော်ဆောင်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ပံ့ပိုးဆောင်ရွက်ပေး

အလားတူပင် ပညာရှင်အဖွဲ့ဝင် ပညာရှင်ကြီးများကို ပိုမိုပြီး ကျယ်ပြန့်စွာ ပညာသင်ကြားပို့ချဖြန့်ဖြူးနိုင်ရန်၊ သုတေသနပြုလုပ်နိုင်ရန်ကို နိုင်ငံတော် တာဝန်ရှိသူများက အခွင့်အလမ်းများဖန်တီးပေးကြရမည်ဖြစ်သကဲ့သို့ ပညာရှင်ကြီးများ၏ လက်တွေ့အကျိုးဖြစ်ထွန်းစေမည့် ပညာရပ်ဆိုင်ရာ အကြံပြုချက်များ၊ သုတေသနပြု ရှာဖွေတွေ့ရှိချက်များကိုလည်း ထိုက်တန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဖော်ဆောင်ပေးကြရန် လိုအပ်မည်ဖြစ်ခြင်းကြောင့် သက်ဆိုင်ရာဝန်ကြီးများနှင့်တကွ ဌာနဆိုင်ရာ တာဝန်ရှိသူအသီးသီး တို့က ပံ့ပိုးဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း။

ပညာရှင်ကြီးများအနေဖြင့်လည်း နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှု ရေရှည်အကျိုးဖြစ်ထွန်းမှုတို့ကို အထောက်အကူပြုစေမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ သိပ္ပံနှင့်နည်းပညာများ ဖွံ့ဖြိုးတိုးတက် ထွန်းကားပြန့်ပွားရေး၊ သိပ္ပံနှင့်နည်းပညာ တိုးတက်ဖြစ်ထွန်းမှုများကို အမျိုးသားရေး အကျိုးစီးပွား ဖော်ဆောင်ရာတွင် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးတို့အတွက် အရှိန်အဟုန်မပျက် ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း။

အလားတူပင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ရေမြေသဘာဝနှင့် သယံဇာတ အခြေအနေများ၊ ပြည်သူများ၏စွမ်းအားနှင့် လုပ်အားအခြေအနေများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံအစဉ်အလာနှင့် အမျိုးသားရေးစရိုက်လက္ခဏာများနှင့် ဆီလျော်သည့် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ဖြစ်ထွန်းလာစေရအောင် အလေးထား ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် တိုင်းပြည်ဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံဒေသများဖြစ်သည့် မြို့နယ်တိုင်းတွင် စိုက်ပျိုးရေး တိုးတက်ဖြစ်ထွန်းအောင်၊ မြို့နယ်အလိုက် ဝမ်းစာဖူလုံ ပြည့်စုံစေရအောင် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း။

ကြိုးပမ်းစွမ်းဆောင်ပေး

ထို့ကြောင့် ဝမ်းစာမဖူလုံ မပြည့်စုံသေးသည့် မြို့နယ်များ၊ အထူးသဖြင့် နယ်စပ်အစွန်အဖျား မြို့နယ်များ၌ မိမိတို့ နိုင်ငံသူ နိုင်ငံသား ပညာရှင်များက သုတေသနပြု ဖော်ထုတ်ထားသည့် အထွက်တိုး စပ်မျိုးစပါးများ တိုးချဲ့စိုက်ပျိုးနိုင်ခြင်းအားဖြင့် နိုင်ငံတော်အတွက် ရေရှည်အာမခံနိုင်သည့် တိုးတက်ဖြစ်ထွန်းမှုများ ဖြစ်လာစေရအောင် ပညာရှင်ကြီးများအနေဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ထပ်မံပြောကြားလိုသည်မှာ—

- **နိုင်ငံတော်၏ အဖိုးတန် အမွေအနှစ် သဘာဝသယံဇာတများကို မိမိနိုင်ငံတော်နှင့် မိမိလူမျိုး၏ အကျိုးစီးပွားအတွက် အကျိုးအရှိဆုံး ဖော်ထုတ်သုံးစွဲနိုင်စေရအောင် မိမိတို့ကျွမ်းကျင်ရာ ပညာရပ်ဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းရေးတွင် ပဓာနအကျဆုံးဖြစ်သော ခေတ်မီနည်းပညာများ တိုးတက်ဖြစ်ထွန်းရေး၊ မျိုးဆက်သစ် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပြုစုမွေးထုတ်ပေးနိုင်ရေးတို့အတွက် ပညာရှင်ကြီးများက မိမိတို့ကျွမ်းကျင်ရာ ပညာရပ်စွမ်းအားဖြင့် စွမ်းဆောင်ပေးကြပါ၊**
- **တန်ဖိုးမဖြတ်နိုင်သည့် ပညာဉာဏ်၊ ကြွယ်ဝသည့်အတွေ့အကြုံဗဟုသုတ၊ အနာဂတ်ကို မျှော်မှန်းသည့် တွေးခေါ်မြော်မြင်မှုနှင့် အမျိုးသားရေး စိတ်ဓာတ်စွမ်းအားတို့ကို ပေါင်းစည်းပြီး မိမိတိုင်းပြည်နှင့် မိမိလူမျိုးအတွက် ရေရှည် အကျိုးစီးပွားဖြစ်ထွန်းလာအောင် လက်ဆင့်ကမ်း ပညာဖြန့်ဝေပေးခြင်း၊ မိမိတို့ကိုယ်တိုင်ပါဝင်စွမ်းဆောင်ပေးခြင်းတို့ ပြုလုပ်ပေးကြပါ**

ဟု မေတ္တာရပ်ခံ တိုက်တွန်းမှာကြားသွားသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အမှုဆောင်များ၊ အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခန်းမမျက်နှာစာ၌ ပြသထားသော မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ သုတေသနပြု ဆောင်ရွက်ချက်များနှင့် လုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုမှတ်တမ်းပြခန်းကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

မိုးကုတ်ရတနာမြေသည် မြန်မာဘုရင်များလက်ထက်ကပင် ရတနာမြေအဖြစ် ထင်ရှားခဲ့ ရတနာလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် ရိုးသားဖြောင့်မတ်စွာ အတ္တပရ မျှတစွာဖြင့် စည်းမျဉ်းစည်းကမ်း ဥပဒေများနှင့်အညီ မှန်ကန်သော ကုန်သွယ်မှုလမ်းကြောင်းအတွင်းမှ ဆောင်ရွက် ရတနာလုပ်ငန်းအပြင် စိုက်ပျိုးရေးကဲ့သို့သော အခြားစီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်

ရန်ကုန် မေ ၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မေ ၄ရက် ညနေပိုင်းတွင် မိုးကုတ်မြို့ မဏိရတနာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဟန်က မိုးကုတ်ရတနာမြေ၏ နောက်ခံသမိုင်း၊ မိုးကုတ်ရတနာမြေမှ ထွက်ရှိသော ထင်ရှားသည့် ကျောက်မျက်ရတနာများ၊ မြို့နယ်၏ တည်နေရာ အကျယ်အဝန်းနှင့် လူဦးရေ၊ ရာသီဥတုနှင့် မိုးရေချိန်၊ မြေယာအသုံးချမှု၊ စိုက်ပျိုးရေရရှိမှု၊ စပါးစိုက်ပျိုးမှု၊ ဒေသဝမ်းစာ ဖူလုံမှု၊ လက်ဖက်နှင့် ကော်ဖီစိုက်ပျိုးမှု၊ ကျောက်မျက်လုပ်ငန်းမှ အခွန်ရရှိမှု၊ လမ်းတံတားလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မိုးကုတ်–ဖော့တောလမ်း တိုးချဲ့ခြင်းလုပ်ငန်း၊ မိုးကုတ်မြို့ ပြည်သူ့ဆေးရုံ ခုတင် ၁၀၀ဆံ့ဆေးရုံ အဆင့်တိုးမြှင့်ရေး၊ ဒေသဝမ်းစာဖူလုံအောင် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဝမ်းစာ ဖူလုံရေး၊ ကော်ဖီ၊ လက်ဖက်မြို့နယ်ဖြစ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားလုပ်ငန်း လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိနှင့်အတူ ဒေသတာဝန်ခံ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလာပြီး မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ အပါအဝင် မြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ မိုးကုတ်ရတနာမြေလုပ်ငန်းများ စနစ်တကျဖြင့် ကုန်သွယ်မှု လမ်းကြောင်းမှန် ဖြစ်ထွန်းရေးတို့အတွက် ဆောင်ရွက်ပေးရန်ရှိသည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း။

မိုးကုတ်ရတနာမြေသည် မြန်မာဘုရင်များလက်ထက်ကပင် ရတနာမြေအဖြစ် ထင်ရှားခဲ့ကြောင်း၊ သဘာဝက ပေးအပ်ထားသည့် အဖိုးတန် ရတနာပစ္စည်းများကို နှစ်ပေါင်းရာချီပြီး ထုတ်လုပ်ခဲ့ရာ ယနေ့တိုင် ထုတ်ယူသုံးစွဲလျက်ရှိကြကြောင်း။

နိုင်ငံတော်အစိုးရက မိုးကုတ်ရတနာမြေတွင် ရတနာတူးဖော်ခွင့်ကို လုပ်ကွက်များသတ်မှတ် ချထားပေးလျက်ရှိကြောင်း၊ အဖိုးတန်ရတနာ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းမှာ ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ကျင့်တရား ကောင်းမွန်မှုရှိသည်နှင့်အမျှ အဖိုးတန်ရတနာများ ထိုက်ထိုက်တန်တန် တူးဖော်ရရှိပြီး အကျိုးများစွာ ဖြစ်ထွန်းသည့် လုပ်ငန်းဖြစ်ကြောင်း။

ဥပဒေနှင့်အညီ

ထို့ကြောင့် ရတနာလုပ်ငန်းနှင့် ဆက်နွှယ် လုပ်ကိုင်လျက်ရှိကြသူများ အားလုံးအနေဖြင့် ရိုးသားဖြောင့်မတ်စွာဖြင့် မိမိအကျိုးနှင့် နိုင်ငံတော်၏ အကျိုးဖြစ်ထွန်းစေရေးအတွက်အတ္တပရ မျှတစွာဖြင့် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများနှင့်အညီ မှန်ကန်သော ကုန်သွယ်မှု လမ်းကြောင်းအတွင်းမှ ဆောင်ရွက်ကြရန် လိုကြောင်း။

မိုးကုတ်မြို့နယ်အနေဖြင့် ရတနာလုပ်ငန်းအပြင် စိုက်ပျိုးရေးလုပ်ငန်းကဲ့သို့သော အခြားစီးပွားရေးလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်ကြရန် လိုကြောင်း၊ ဒေသဝမ်းစာအတွက် အခြားသော ဒေသများကို မှီခိုနေရမှု အချိုးအစား လျှော့ချသွားရန် လိုကြောင်း၊ ဒေသဝမ်းစာ ဖူလုံမှု ယခုထက်ပိုမို တိုးတက်လာအောင် နည်းလမ်းများ ရှာကြံဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့အပြင် ကော်ဖီ၊ လက်ဖက်စိုက်ပျိုးရေး ရည်မှန်းချက်ဧက ပြည့်မီအောင် တိုးချဲ့စိုက်ပျိုးကြရန် မှာကြားလိုကြောင်း။

ထို့အပြင် မြို့နယ်အဆင့် တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်က ချမှတ်ပေးထားသော စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် ဝီရိယစိုက်၍ ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

ပေါင်းစပ်ဆောင်ရွက်

မိမိတို့မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ အချင်းချင်း စုစည်းပေါင်းစပ် လုပ်ကိုင်သွားကြရမည့်အပြင် မြို့နယ်ရှိ စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ အားကိုပါ ရယူဆောင်ရွက်ခြင်းဖြင့် တိုးတက်မှုများ မြန်ဆန်ဖြစ်ထွန်းလာမှာဖြစ်ကြောင်း၊ နိုင်ငံ အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နေကြသည့် လူမှုရေး အသင်းအဖွဲ့များ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေးနှင့် လုပ်ငန်းများ သွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာများက ပံ့ပိုးအားပေးမှုများ လိုအပ်သကဲ့သို့ ယင်းတို့၏ ပူးပေါင်းပါဝင်မှုအားကို ရယူပြီး မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ပေါင်းစပ် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များအတွင်း တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်လျက်ရှိကြရာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အလေးထား ဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုဖြစ်ထွန်းလျက်ရှိပြီး ပြည်ထောင်စုစိတ်ဓာတ် တိုးပွားခိုင်မာလာခဲ့ကြောင်း။

အမျိုးသားရေးမူဝါဒ

ထို့ကြောင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ မြို့မိမြို့ဖများ တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် နိုင်ငံတော်၏ အမျိုးသားရေး မူဝါဒဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသည့် ဒို့တာဝန်အရေးသုံးပါး ရှင်သန်ခိုင်မာနေစေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၅ရက်က မိုးကုတ်မြို့ ညောင်သုံးပင် ပရိယတ္တိစာသင်တိုက်၌ ကျင်းပသော ရှင်အပါးတစ်ထောင် ပဗ္ဗဇ္ဇအမွေခံယူပွဲ အလှူတော်မင်္ဂလာအခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အလှူတော်မင်္ဂလာ

ရှင်အပါးတစ်ထောင် ပဗ္ဗဇ္ဇအမွေခံယူပွဲ အလှူတော်မင်္ဂလာ အခမ်းအနားကို မေ ၅ရက် နံနက် ၈နာရီခွဲတွင် မန္တလေးတိုင်း မိုးကုတ်မြို့ ညောင်သုံးပင် ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အလှူမင်္ဂလာပွဲသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသတို့ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ် (ရေ)၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရှင်အပါးတစ်ထောင် အလှူပွဲ အလှူရှင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ရွှေနဂါးမင်း ထရိတ်ဒင်း ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဇနီး ဒေါ်မြင့်မြင့်သန်းနှင့် မိသားစုများ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ အထူးဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူတော်မင်္ဂလာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

သြဝါဒကထာ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရကသမ္ဘောဒနိယ သြဝါဒကထာ မြွက်ကြားတော်မူသည်။

ယင်းနောက် ညောင်သုံးပင် ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ တေဇောသာရာဘိဝံသက ဝမ်းမြောက်စကား မြွက်ကြားတော်မူသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင် မိသားစုတို့က ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ညောင်သုံးပင် ပရိယတ္တိစာသင်တိုက် ဓမ္မဝိနယရုံသီ ဆွမ်းစားကျောင်းအတွက် ဦးဝင်းမြင့်(ကုန်သည်/စက်မှု၊ ဥက္ကဋ္ဌ) ဒေါ်မြင့်မြင့်သန်းမိသားစု အမှတ်(၁၃၅) သံလွင်လမ်း ရန်ကုန်မြို့က ငွေကျပ်သိန်း ၆၀၊ ဒေါ်ကျင်ချိန်မိသားစု တောင်ကြီးမြို့က ငွေကျပ် ၁၀သိန်း၊ ဦးတင်ဆင့်–ဒေါ်ထွေး(ရတနာရှင်ကုမ္ပဏီလီမိတက်) (သား)မောင်စိုးဦး–မချိုချိုထွန်း မိသားစုက ငွေကျပ် ငါးသိန်းငါးသောင်း၊ ဦးသန်းလှ–ဒေါ်အေးမြင့်က ငွေကျပ် ငါးသိန်း၊ ဦးအောင်သိန်း–ဒေါ်လုံးတင် မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးထွန်းထွန်း–ဒေါ်မြမြသိန်း မိသားစုက ငွေကျပ် ငါးသိန်း၊ ဒေါ်အေးမြနွယ် (ပုဂံဟိုတယ်)က ငွေကျပ်ငါးသိန်း၊ ဦးတင်ငွေ–ဒေါ်ခင်တင့်ဆွေ မိသားစုက ငွေကျပ်သုံးသိန်း၊ ဦးအောင်ဇော်–ဒေါ်တင်ရွှေမိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးလှမောင်–ဒေါ်အေးရွှေ မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးစန်းချို–မစန်းနွယ် မိသားစုက ငွေကျပ်တစ်သိန်း၊ မသန်းသန်းစိုး–မအဲမွန်၊ မနှင်းနှင့်အဖွဲ့က ငွေကျပ်တစ်သိန်း၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်–ဒေါ်ဖြူ မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်ခင်နွဲ့မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်ဌေးမိသားစုက ငွေကျပ်တစ်သောင်း၊ ဦးအောင်ကျော်–သီဟသုမ္ဘသီဂီ ဒေါ်ကြည်ကြည်သန်းတို့က ငွေကျပ်သုံးသိန်း၊ ဒေါ်ပြုံးကြည် (ဘော်ဇဒန်းရွာ)က ငွေကျပ်နှစ်သိန်း၊ ဦးထွန်းထွန်း–ဒေါ်မြမြသိန်း(ဘော်ဇဒန်းရွာ)က ငွေကျပ် ငါးသိန်း စုစုပေါင်းငွေကျပ် ၁၂၆သိန်းကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❃

ရှင်အပါးတစ်ထောင်အလှူပွဲ အလှူရှင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ရွှေနဂါးမင်း ထရိတ်ဒင်း ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းမြင့် မေ ၅ရက်က မိုးကုတ်မြို့ ညောင်သုံးပင် ပရိယတ္တိစာသင်တိုက်၌ ကျင်းပသော ရှင်အပါးတစ်ထောင် ပဗ္ဗဇ္ဇအမွေခံယူပွဲ အလှူတော်မင်္ဂလာ အခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



❀ စာမျက်နှာ ၁၂ မှ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသက အနုမောဒနာတရားဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့်အလှူရှင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ပဗ္ဗဇ္ဇအလှူတော်မင်္ဂလာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အလှူတော်မင်္ဂလာ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။ ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များသည် ရှင်အပါးတစ်ထောင်တို့အား ဆွမ်းများလောင်းလှူကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များသည် ပဗ္ဗဇ္ဇအမွေခံယူပွဲ အလှူတော်မင်္ဂလာ အခမ်းအနားသို့ ကြွရောက်တော်မူလာသော ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မိုးကုတ်မြို့နယ်အတွင်းရှိ ချို့တဲ့နွမ်းပါးသည့် ဒေသခံ လူငယ်လူရွယ် ၁၀၀၀တို့အား ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ရွှေနဂါးမင်းထရိတ်ဒင်းကုမ္ပဏီ ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း မိသားစုက ရှင်သာမဏေသွတ်သွင်းသည့် မင်္ဂလာ ပြုလုပ်ကြခြင်းဖြစ်သည်။

(သတင်းစဉ်)



မန္တလေးတိုင်း မိုးကုတ်မြို့၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကိုတွေ့ရစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၁၀ မှ

၂၄ခု ဖွံ့ဖြိုးရေး အစီအမံများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ် အစီအမံများချမှတ်ပြီး လမ်းပန်းဆက်သွယ်ရေး၊ ပြည်သူများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး၊ လူမှုရေး အခြေခံများတိုးတက်ဖြစ်ထွန်းရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ အခြေခံအဆောက်အအုံများ ပြည့်ပြည့်ဝဝ ဖြစ်ထွန်းရေးအတွက် ဆောင်ရွက်ပေးနေသည့် အချိန်ကာလတွင် ကြက်ခြေနီမောင်မယ်များကလည်း ဒေသအလိုက် သော်လည်းကောင်း၊ ဗဟို၏ စီမံခန့်ခွဲဆောင်ရွက်မှုများဖြင့် သော်လည်းကောင်း၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အကျိုးပြုလုပ်ငန်းများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အထူးအလေးထားဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်များ အကောင်အထည်ဖော်မှုအတွက်များစွာ အထောက်အကူပြုစေမှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ အထူးစီမံကိန်းကြီးများ၊ ကျေးလက်နှင့် နယ်စပ်အစွန်အဖျားဒေသနေ ပြည်သူများ၏ လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများ အပါအဝင် နိုင်ငံအကျိုးပြု၊ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ယခုထက်ပိုမို တက်ကြွသည့် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဖော်ဆောင်သွားကြရန် မှာကြားလိုကြောင်း။

ထို့အပြင် နိုင်ငံတော်၏ စေတနာ့ဝန်ထမ်း လူမှုရေးအရန်အင်အားစုများဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ အရန်မီးသတ် တပ်ဖွဲ့စသည့် အသင်းအဖွဲ့များနှင့်ပါ လုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ အခမ်းအနားတွင် စုစည်းရောက်ရှိနေကြသည့် ထူးချွန်ကြက်ခြေနီမောင်မယ်များသည် တစ်နိုင်ငံလုံးက ထူးချွန်ထက်မြက်သော ကြက်ခြေနီမောင်မယ်များ ဖြစ်သည်နှင့်အညီ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းများတွင် မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် ကျရာကဏ္ဍအလိုက် တက်ကြွစွာပါဝင် ဆောင်ရွက်ကြပါရန် ထပ်လောင်းမှာကြားလိုကြောင်း၊ ယခုလိုစခန်းသွင်း လေ့ကျင့်ရာမှ တန်ဖိုးမဖြတ်နိုင်သော သင်ကြားပို့ချမှုများကို ပြည့်ပြည့်ဝဝ ဆည်းပူးလေ့လာသွားကြရန်၊ လေ့လာသိရှိရသည့် ပညာရပ်များ၊ ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံဗဟုသုတများကို လက်တွေ့ဘဝတွင် အကျိုးရှိထိုက်တန်စွာ ကျင့်သုံးနိုင်စေရအောင် ဆင်ခြင်ပွားများကြရန်၊ အထူးသဖြင့် ကြက်ခြေနီ လူမှုကရုဏာစိတ်ဓာတ်၊ တိုင်းကျိုးပြည်ဆောင် လူမှုရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် စသည့် စိတ်ဓာတ်ရေးရာ ထက်သန်မြင့်မားလာစေရအောင်၊ စိတ်ကောင်းစေတနာကောင်းပွားများ ဖြစ်ထွန်းလာစေရအောင် မိမိတို့ကိုယ်မိမိတို့ လေ့ကျင့်ပျိုးထောင်သွားကြရန် မှာကြားလိုကြောင်း။

ထို့အပြင် ထူးချွန်ထက်မြက်သော ကြက်ခြေနီလူငယ်များ ပီသစွာဖြင့် ပြုမူနေထိုင်ကျင့်ကြံမှုကအစ ပြည်သူများနှင့် နွေးထွေးပျူငှာစွာ ဆက်ဆံကူညီမှုများမှာပါ စံနမူနာပြဖြစ်စေရအောင်၊ ယဉ်ကျေးသိမ်မွေ့သည့် ကြက်ခြေနီ ကရုဏာရှင်များအဖြစ် ပြည်သူအများက ယုံကြည်အားကိုးလာစေရအောင်မိမိတို့၏ တစ်သက်ပန်လုံးမှာ ဆက်လက်ကျင့်ကြံအားထုတ်ကြိုးပမ်းဆောင်ရွက် သွားကြပါဟု တစ်ဆက်တည်းမှာကြားလိုကြောင်း။

နိဂုံးချုပ် အနေနှင့် ထပ်မံမှာကြားလိုသည်မှာ

- **မြင့်မြတ်သည့် ကြက်ခြေနီတပ်ဖွဲ့ဝင်ဘဝကို တစ်သက်ပန်လုံး ခံယူပြီး ထူးချွန်သည့် အရည်အသွေး၊ ထက်မြက်သည့် စွမ်းဆောင်ရည်တို့ဖြင့် ပြည်သူ့အကျိုးပြု ကြက်ခြေနီ လုပ်ငန်းများကို စွမ်းစွမ်းတမံ ဖြည့်ဆည်းစွမ်းဆောင်နိုင်အောင် ကြိုးပမ်းအားထုတ်သွားကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများနှင့် ယှဉ်တွဲပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားရေး တာဝန်များကိုပါ ကျေကျေပွန်ပွန်၊ တက်တက်ကြွကြွ ပူးပေါင်းပါဝင် ထမ်းရွက်သွားကြပါ၊**
- **ဖြူစင်မြင့်မြတ်သည့် ကြက်ခြေနီလုပ်ငန်းများနှင့် ယှဉ်တွဲပြီး နိုင်ငံအကျိုးပြု အမျိုးသားရေးတာဝန်များကို ကျေကျေပွန်ပွန်ထမ်းရွက်နိုင်စေရန် ထူးချွန်ထက်မြက်သည့် ကြက်ခြေနီ ခေါင်းဆောင်ငယ်များဖြစ်အောင် မိမိတို့ကိုယ်မိမိတို့ ပြုစုပျိုးထောင်ရင်း တိုင်းရင်းသားပြည်သူများအကြားမှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားအောင် တစ်တပ်တစ်အား ကြိုးပမ်းစွမ်းဆောင်သွားကြပါ။**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အလှူငွေပေးအပ်ခြင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာခင်ဆန်းနွယ်တို့က ငွေကျပ်တစ်သိန်း၊ အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်နွဲ့ရီ၊ သားဒေါက်တာ တင်စိုးလင်းနှင့် ညီအစ်ကိုမောင်နှမများ (ရွှေပုစွန်မိသားစု)က ငွေကျပ် ၁၀သိန်း၊ ဒေါ်နန္ဒာထွန်းဝင်း(Country Manager, UNOCAL Myanmar Offshore Co.,Ltd.)က အက်ဖ်အီးစီ ၁၀၀၀၊ဦးမိုးထက်ကျော်(လေဆိပ်လမ်း)က ငွေကျပ် တစ်သိန်း ငါးသောင်း၊ ဦးမြင့်ဇော်လွင်(M. Collin Engineering Co., Ltd.)က ငွေကျပ်တစ်သိန်း၊ ဦးမျိုးအောင်(KN Engineering Group)က ငွေကျပ်တစ်သိန်း၊ ဦးဇော်လွင်က ငွေကျပ်တစ်သိန်း၊ ဒေါ်ဥမ္မာမော်(ရတနာမြင့်မိုရ်ဦးကုမ္ပဏီလီမိတက်)က ငွေကျပ်တစ်သိန်း၊ ဦးခင်ကြည်(Eagle Auto Workshop)ကန်တော်လေးက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း သင်တန်းဌာန ဝန်ထမ်းများက ငွေကျပ်တစ်သိန်း၊ ဖခင်ဖြစ်သူ သူရဲကောင်း မှတ်တမ်းဝင် ဗိုလ်တင်မောင်ဝင်းအား ရည်စူး၍ ဦးဝင်းသူရိန်ဝင်း(G.M Seven Star Co., Ltd.)နှင့် ဒေါ်အေးသီတာဝင်းတို့က ငွေကျပ်တစ်သိန်း၊ဦးအောင်မြတ်မိုး(Attraction Construction Co.,Ltd.)က ငွေကျပ်တစ်သိန်း၊ ဦးလှတင်(ကျောက်တံတားမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဂုဏ်ထူးဆောင်)နှင့် ဇနီး ဒေါ်မေလေး မိသားစုတို့က ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းက လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည်ထူးချွန်ကြက်ခြေနီ လူငယ်တွေ့ဆုံပွဲ -၂၀၀၄သို့ တက်ရောက်လာကြသော ပြည်နယ်နှင့် တိုင်းများမှ ထူးချွန်ကြက်ခြေနီမောင်မယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ မြစ်ရေတင်စက်များ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့် လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ညောင်ဦးခရိုင်အတွင်းရှိ လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင် စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က ရေတင်စက်များအသုံးပြုနိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင် လိုက်ပါလျက် ပခုက္ကူလေယာဉ်ကွင်းသစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ထို့နောက် ဝန်ကြီးသည် လေဆိပ်အဆောက်အအုံတွင် တပ်ဆင်မည့် မြန်မာ့အနုပညာနမူနာပုံစံကို ကြည့်ရှုစစ်ဆေးပြီး လေဆိပ်အဆောက်အအုံ တည်ဆောက်ရေးပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ထို့နောက် ဝန်ကြီးသည် လေယာဉ်ပြေးလမ်းပြီးစီးမှု အခြေအနေကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ပခုက္ကူလေယာဉ်ကွင်းသစ်မှာ လေယာဉ်ပြေးလမ်းအရှည်ပေ ၈၅၀၀နှင့် အကျယ်ပေ ၁၀၀ ကျောက်ကတ္တရာခင်းပြီးဖြစ်သည်။ဆက်လက်၍ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်နေပြီး လေဆိပ်အဆောက်အအုံနှင့် လေယာဉ်ရပ်နား နေရာများကို တည်ဆောက်လျက်ရှိသည်။

ထို့နောက် ဝန်ကြီးသည် ပခုက္ကူရွှေတန့်တစ် မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး ရေတင်စက်များဝန်းကျင် မြစ်ရေအလုံအလောက် ရောက်ရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ဆက်လက်၍ ဝန်ကြီးသည် ရွှေတန့်တစ်ဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ထွက်ခွာပြီး ကျော့ဇီမြစ်ရေတင်စက်နှင့် ငါ့သရောက် မြစ်ရေတင် စက်များ ရေအလုံအလောက်ရရှိရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေခေါ်မြောင်းများ တည်ဆောက်ထားမှု၊ ရေခေါ်ရေကာများ တည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ညောင်ဦးခရိုင်အတွင်း၌ အသစ်တည်ဆောက်မည့် အောက်ငြိမ့် မြစ်ရေတင် စီမံကိန်းနှင့်ကျောက်ကူးမြစ်ရေတင် စီမံကိန်းနေရာများတွင် မြစ်ရေရရှိမှုနှင့် မြစ်ကြောင်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ မြစ်ရေတင်စက်များ ရေရရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)



World Red Cross Day-2004

ကမ္ဘာ့ကြက်ခြေနီနေ့

ခွဲခြားဆက်ဆံမပြုရန် ကြက်ခြေနီ၏စိတ်ထားမှန်

STOP DISCRIMINATION

၂၀၀၄ ခုနှစ်၊ မေလ (၈) ရက်

မြန်မာနိုင်ငံကြက်ခြေနီအသင်း



စာနယ်ဇင်းပန်းချီဆရာများ၏ ကြယ်တံခွန် ပန်းချီပြပွဲ

ရန်ကုန် မေ ၆

စာနယ်ဇင်းမှ ပန်းချီဆရာကြီးများဖြစ်ကြသော ပန်းချီ(ဦး)သောင်းဟန်၊ (ဦး)ကျော်သောင်း၊ (ဦး)ဇော်မင်း၊ (ဦး)ကျော်ညွှန့်တို့ ဦးဆောင်ပါဝင်ပြီး ပန်းချီကျော်ရှိန်၊ ဝင်းသော်၊ နိုင်သူ၊ လူလူအောင်၊ ကျော်လွင်မိုး၊ သိန်းရွှေကြည်၊ မွန်သက်နှင့် နိုင်ကြီးတို့ပါဝင်ကြသည့် COMET(ကြယ်တံခွန်)အမည်ရှိ ပထမအကြိမ်ပန်းချီပြပွဲ**(ဝဲပုံ)**ကို ဗိုလ်ချုပ်ဈေး(အရှေ့ဘက်တန်း)၊ပန်းချီအရောင်းခန်းမတွင် မေ၇ ရက်မှ မေ ၁၅ ရက်အထိ နံနက် ၉နာရီမှ ညနေ ၅ နာရီအတွင်း ပြသထားမည်ဖြစ်၍ မည်သူမဆို လာရောက်ကြည့်ရှုနိုင်သည်။ (က-ပ)

နဝမအကြိမ်မြောက် ထိုင်းကုန်စည်ပြပွဲ (၂၀၀၄)ကို မေ ၆ရက်က ဒုတိယမြောက်နေ့အဖြစ် ရန်ကုန်ကုန်သွယ်မှု ဇဟိုဌာနၵ္ဍ ပြသရာ ဗန်ကောက်ဆေးရုံကြီး ပြခန်းတွင် လေ့လာကြည့်ရှုသူများဖြင့် စည်ကားနေစဉ်။ (က-ပ)

နှစ်ကျိပ်ရှစ်ဆူဘုရားတန်ဆောင်းတော်ကြီး ပြုပြင်ရန်လှူဒါန်းနိုင်

ရန်ကုန် မေ ၆

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် (၂၁)ရပ်ကွက်၊ (သိမ်ချောင်း)တိုင် တစ်ရာအရှေ့ကျောင်းကြီး အတွင်းရှိ ရှေးနှစ်ပေါင်းများစွာက တည်ဆောက်ခဲ့သော နှစ်ကျိပ်ရှစ်ဆူ ဘုရားတန်ဆောင်းတော်ကြီးသည် ရာသီဥတုဒဏ်ကြောင့် ပျက်စီးယိုယွင်းလျက် ရှိသဖြင့် အသစ်ပြန်လည် တည်ဆောက်ရေးအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တ ဇိနောဒယ (ဓမ္မာစရိယ (B.A) မဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် တိုင်တစ်ရာအရှေ့ကျောင်းကြီးနှင့် အကျိုးတော်ဆောင်များဖြစ်ကြသည့် ဦးတင်ဝင်း ဖုန်း-၅၉၁၀၄၀၊ ၂၉၃၁၂၉၊ ဦးသန်းရွှေ ဖုန်း ၅၉၁၂၁၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ မေလအတွက်
(၉-၅-၂၀၀၄) ရက်နေ့
နှင့်
(၃၀-၅-၂၀၀၄)ရက်နေ့

စူပါသတင်းဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၆

(၂၁)ရာစုခေတ် အနုပညာပုံရိပ်သတင်းများဖြစ်သော အိန္ဒြာကျော်ဇင်ရဲ့ စူပါစတိုင်လ်၊ ယုဇနရဲ့ တလွဲတွေလုပ်နေတဲ့ ချစ်သူအကြောင်း၊ ပရိသတ်ကို ဖျော်ဖြေရင်း စင်ပေါ်ကခုန်ချမိလို့ ခြေထောက်အရိုးအက်သွားတဲ့ မာရဇ္ဇ၊ လွင်မိုး ဘာကြောင့် စူပါဖြစ်လာသလဲ၊ ရိုက်ကွင်းပေါ်က တကယ့်ဒါရိုက်တာအကြောင်း၊ ဘုရှုနိုင်းတော်ဝင်မိသားစုရဲ့ ဖိတ်ကြားခြင်းခံရတဲ့ ကိုရီးယားမင်းသားရှင်ဒေါင်ဟန့်၊ တောင်ပြုန်းပွဲနဲ့ ပန်းဒဏ္ဍာရီရုပ်ရှင်ကိုမျှော်နေကြသူတွေအကြောင်း၊ အောင်ဟိဏ်း(ကျိုက်ထော်)၏ ဗီဒီယိုရုပ်ရှင် စူပါဖြစ်လျှင်(၂)၊ ဘရစ်တနီစပီးယား၏ ပြောင်းလဲခြင်းအလှစသည့် အနုပညာရေးရာ အလှစာမျက်နှာ၊ သတင်း၊ အင်တာဗျူးနှင့်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် စူပါသတင်းဂျာနယ် အမှတ်(၁၂)ကို ဆင်တောင်ကြီးစာပေ အမှတ် ၄၁၊ ၂၉ လမ်း ရန်ကုန်မြို့က ဖြန့်ချိသည်။ (က-ပ)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၆-၅-၂၀၀၄)

ညောင်လေးပင်	-	၅ ဒသမ ၈၃ လက်မ
ပျဉ်းမနား	-	၃ ဒသမ ၀၃ လက်မ
နမ့်စန်	-	၁ ဒသမ ၈၁ လက်မ
မြိတ်	-	၁ ဒသမ ၆၅ လက်မ

ထူးခြားသည့် နေ့အပူချိန်များ

(၆-၅-၂၀၀၄)

မုံရွာ	-	၄၃ဒီဂရီစင်တီဂရိတ် (၁၀၉ ဒသမ ၄ဒီဂရီဖာရင်ဟိုက်)
မင်းဘူး	-	၄၃ဒီဂရီစင်တီဂရိတ် (၁၀၉ ဒသမ ၄ဒီဂရီဖာရင်ဟိုက်)
အောင်လံ	-	၄၃ဒီဂရီစင်တီဂရိတ် (၁၀၉ ဒသမ ၄ဒီဂရီဖာရင်ဟိုက်)
မကွေး	-	၄၂ဒီဂရီစင်တီဂရိတ် (၁၀၇ ဒသမ ၆ဒီဂရီဖာရင်ဟိုက်)
မိတ္ထီလာ	-	၄၂ဒီဂရီစင်တီဂရိတ် (၁၀၇ ဒသမ ၆ဒီဂရီဖာရင်ဟိုက်)
ရမည်းသင်း	-	၄၂ဒီဂရီစင်တီဂရိတ် (၁၀၇ ဒသမ ၆ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်	-	၄၀ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)

ဖိတ်ကြားအပ်ပါသည်

မြန်မာနိုင်ငံ ဂျပန်ပြန် ပညာသင်ဟောင်းများအသင်း (MAJA)၏ နှစ်ပတ်လည်အစည်းအဝေးကို ၂၀၀၄ခုနှစ် ဖွန်လ၆ရက် (တနင်္ဂနွေနေ့)၊ ၆-၆-၂၀၀၄ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ Panda Hotel ပထမထပ်၌ နံနက်၁၁နာရီမှ စတင်ကျင်းပမည်ဖြစ်ပါ၍ အသင်းသား/သူများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးပြီးလျှင် Contribution မိတ်ဆုံထမင်းစားပွဲ ဆက်လက်ကျင်းပပါမည်။

အသေးစိတ်သိလိုပါက MAJA ယာယီရုံးခန်းဖြစ်သည့် အမှတ်၁၄၂၊ အနော်ရထာလမ်း(၃၅လမ်းနှင့် ၃၆လမ်းကြား)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် အောက်ပါပုဂ္ဂိုလ်တို့ထံသို့ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ပါမောက္ခဒေါက်တာအောင်ကျော်	ဖုန်း-၂၅၂၂၇၉၊ ၂၅၂၀၃၄၊
ဦးမြင့်ဝေ	၃၂၅၂၅၅၊
ဦးမြင့်စိုး	၂၄၇၇၀၁၊ ၅၀၂၃၀၃

SILVER STAR HOTEL

OD Tour
May 14,21
May 14,21
By Flight..
May 12/13
May 14/21
OD Style

B.A. (English), Dip. in E.L.T.
SPOKEN ENGLISH
May - 11, 18, 24 Jun - 7, 14, 21, 28
SUCCESS LANGUAGE ACADEMY
202046

Y.E.S.
Basic Spoken English MAY -10, 17,24
Pre-Intermediate English MAY - 4, 17
Intermediate English & IELTS MAY-17,22
TOEFL & Basic Writing Course MAY-10,17
VEC,GFC,AWC,SAT (II)/AE,SAT(I) MAY-4
No.118, YMCA Building, Bogalayzay Street, Botataung TSP.
245821

ဆရာဌေး အင်္ဂလိပ်စာသင်တန်း

မြစ်သာယာ



Dr. Tin Latt MANAGEMENT & ACCOUNTANCY TRAINING LTD
MAT Quality & Success
MAT Centre I | MAT Centre II | MAT Myitkyina Centre

ACCA
Paper 1.1,1.2
(CBE Courses)

CAT
(CBE Courses)
Introductory & Intermediate Level

E-Learning for CBE Course
LCD Projector ဖြင့် Dr. Tin Latt ကိုယ်တိုင် ဟောပြောမည်

Registration Closing Date: 30th June 2004
For Sept. Exam : Commencing Date : 9.5.2004

LCCI
Level I, II (Certificate Course)
Level III (Group Diploma Course)
- Diploma in Accounting (DA)
- Diploma in Management Accounting (DMA)
- Diploma in Cost Accounting (DCA)
- Diploma in Principles and Practice of Management (DPPM)
- Diploma in Business and Industrial Administration (DBIA)
- Diploma in Marketing (DMAR)
- Diploma in Managerial Principles (DMP)

Commencing Date
28.5.2004 (Yangon)
1.6.2004 (Myitkyina)

Computerised Accounting & Windows Application Courses
UBS Accounting & Stock Control
Microsoft Office XP & 2003
Enroll Now!

Tel: 242431, 241713, 296781.
E.mail: Drtinlatt@mat.com.mm

မျက်စိအထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသ ဆေးကုမ္ပဏီများက ဆေးဝါးများ လှူဒါန်း

ဘိုကလေး ဧပြီ ၂

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာဦးစိုးညွန့်၏ ဦးဆောင်သော မျက်စိ အထူးကု ဆရာဝန်ကြီးများအဖွဲ့သည် ဘိုကလေးမြို့ ပြည်သူ့ဆေးရုံကြီး၌ ဧပြီ ၂၂ ရက်မှ ၂၄ ရက်ထိ မျက်စိဝေဒနာရှင် ၆၅၁ ဦး အနက်မှ မျက်စိအတွင်းတိမ်ဝေဒနာရှင် ၁၆၇ ဦးတို့အား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ကြသည်။

အဆိုပါအဖွဲ့၌ ပါမောက္ခဒေါက်တာဦးစိုးညွန့်နှင့်အတူ ရန်ကုန်မြို့၊ မျက်စိအထူးကုဆေးရုံကြီးမှ အမျိုးသား ဆရာဝန်ငါးဦး၊ အမျိုးသမီးဆရာဝန် နှစ်ဦး၊ သူနာပြုသုံးဦး ပါဝင်ပြီး ဘိုကလေးမြို့ မြို့နယ်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်မြင့်နှင့် ဝန်ထမ်းများက ကူညီပံ့ပိုးပေးကြသည်။

မျက်စိဝေဒနာရှင်များ ကုသခြင်းအတွက် ရန်ကုန်မြို့ အယ်ကွန်းဆေးကုမ္ပဏီမှ ဆေးမျက်စဉ်းငွေကျပ် ၁၈၀၀၀၀ ဖိုး၊ စီဗာဗွီးရှင်းဆေးကုမ္ပဏီမှ ဆေးမျက်စဉ်းငွေကျပ် ၇၀၀၀၀ ဖိုး၊ စီပလာကုမ္ပဏီမှ ငွေကျပ် ၅၀၀၀၀ ဖိုး၊ မေတ္တာဦးမျက်စိ အထူးကု ဆေးခန်းမှ ဆေးပစ္စည်းငွေကျပ် ၇၀၀၀၀၀ ဖိုး လှူဒါန်းကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ စည်ပင်သာယာရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့လူထုကူညီပံ့ပိုးမှုများ လှူဒါန်းမှုများဖြင့် ဆေးဝါး ကုသခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်မြင့်နှင့်အဖွဲ့ လှည်းကူးမြို့ စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသောကျေးလက် ရေရရှိရေးလုပ်ငန်းကို ဧပြီ၂၈ရက်က ကွင်းဆင်းစစ်ဆေးရာ၂၀၀၃–၂၀၀၄ဘဏ္ဍာရေးနှစ်အတွင်း တွင်းတိမ်တူးခြင်းလုပ်ငန်း အခြေအနေကို အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုးသိန်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကျေးရွာဖွံ့ဖြိုးရေး တံတားသစ် တည်ဆောက်လှူဒါန်း

လပွတ္တာ မေ ၅

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာ ပုညာရာမ မှန်ကျောင်းဆရာတော် ဘဒ္ဒန္တနာရဒအား အမှူးထား၍ ရန်ကုန်တိုင်း အလုံမြို့နယ် စက်တွင်းလမ်းနေ ဦးမြင့်ဦး၊ ဒေါ်အုန်းကြင်၊ သား မောင်ကျော်စိုးဦး၊ မောင်မြင့်စိုးဦး၊ သမီး မယဉ်ယဉ်မြင့် အလှူရှင်မိသားစုတို့လှူဒါန်းငွေ ကျပ်သိန်း ၅၀ဖြင့် ဘီတွတ်ကျေးရွာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပြီးစီးခဲ့သည့် အောင်ဆုသိန်းသန်း တံတားသစ်ရေစက်ချလှူဒါန်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို မေ ၃ ရက် နံနက် ၉ နာရီက ဘီတွတ် ရွာမတံတားသစ်ရှိရာ ဘုရားလေးပိုင်း၌ပြုလုပ်ရာ ဦးဆောင်ဆရာတော် ဘဒ္ဒန္တနာရဒ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်၊ အလှူရှင်မိသားစုများ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တံတားသစ်ကို ဆရာတော် ဘဒ္ဒန္တနာရဒ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်နှင့် အလှူရှင်မိသားစုများက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ (က–ပ)

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

သာယာဝတီ ဧပြီ ၂၉

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် အရှည် ပေ ၅၂၈၀ ရှိ သဲဖြူ–မဒေါ့လမ်းဂဝံခင်းခြင်းလုပ်ငန်း၊ အရှည် ပေ ၂၆၄၀ရှိ အင်းရွာ– သခင်ဖျောမြေသားလမ်းလုပ်ငန်း၊ ကြောင်ညှာကုန်းကျေးရွာ နှစ်လက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ကျေးရွာရေရရှိရေးဆောင်ရွက်မည့် ကျေးရွာ ၁၀ ရွာ နှစ်လက်မခွဲတွင်းတိမ် လက်နှိပ်တုံကင် တပ်ဆင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့အမှုဆောင်အရာရှိ ဦးလှမြင့်၊ တာဝန်ခံအင်ဂျင်နီယာဦးမျိုးတင့်ဆွေတို့ဦးဆောင်သည့် ဝန်ထမ်းများက ကျေးရွာများသို့ ဧပြီ ၁၉ရက်မှ စတင်ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အကုန်အကျခံ

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ ဘဏ္ဍာနှစ်အတွင်းကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကျပ် ၈၂၅၀၀၀၀ အကုန်အကျခံဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရှိရသည်။

(ခရိုင် ပြန်/ဆက်)

နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို မတ် ၃၀ရက်က တောင်ငူမြို့ အမှတ်(၁၈)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ပြုလုပ်ရာ မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ဝင်းက နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။ (က–ပ)

စာရေးသင်တန်း ဖွင့်ပွဲကျင်းပ

လှိုင်လင် မေ ၃

လှိုင်လင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းအမှတ်စဉ် (၂/၂၀၀၄)ကို ဧပြီ ၂၆ရက် နံနက်ပိုင်းက လှိုင်လင်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပရာ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများ၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး လှိုင်လင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်က အမှာစကားပြောကြားသည်။

သင်တန်းသို့ မြို့နယ် ၁၅ မြို့နယ်မှ သင်တန်းသားဦးရေ ၁၀၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပန်းတနော်မြို့နယ် အိုးဘိုကျေးရွာအုပ်စု အိုးဘိုကျေးရွာတွင် ရောင်ခြည်ဦးစာကြည့်တိုက်ကို ဧပြီ ၂၉ ရက်က ဖွင့်လှစ်ခဲ့ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်တင်တင်လှိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

မြို့နယ်လုံးကျွတ် စာတတ်မြောက်ရေးလုပ်ငန်းဖွင့်

သီပေါ ဧပြီ ၃၀

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်လုံးကျွတ် စာတတ်မြောက်ရေး လုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၀ ရက် နံနက်၉နာရီက သီပေါမြို့အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း ခန်းမ၌ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ မြို့နယ်ပညာရေး ကော်မတီဥက္ကဋ္ဌ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်တို့က ‘အ’သုံးလုံးကျေသင်တန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးကျော်မြင့်နှင့် လက်ထောက်မြို့နယ် ပညာရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆရာ၊ ဆရာမများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ယခုနှစ်ရွှေရာသီမြို့နယ်လုံးကျွတ် စာတတ်မြောက်ရေးလုပ်ငန်း (အသုံးလုံး) တွင် စာသင်ဝိုင်း ၁၂၆ ဝိုင်းနှင့် လူဦးရေ ၁၂၅၃ ဦးကို ‘အ’သုံးလုံး သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **(၂၄၇)**

တပ်ကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုးနှင့် ဝန်ထမ်းများ တပ်ကုန်းမြို့ စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် ဧပြီ ၂၅ ရက်က ရန်ကုန်–မန္တလေးလမ်းဘေး ဝဲယာလမ်းတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်ကြစဉ်။ (၉၂)

နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကျင်းပ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဟောပြောဆွေးနွေး

သာစည် ဧပြီ ၃၀

သာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဖွင့်လှစ်သည့် နယ်လှည့် စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ညောင်ရမ်းတိုက်နယ် ဥသျှစ်ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဧပြီ ၂၆ရက်က ပြုလုပ်ရာ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ ပုဂ္ဂိုလ်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် မြို့နယ်သတင်းထောက် ဦးမောင်ကို (ဇင်ဝင်းကို–သာစည်)နှင့် ကျေးရွာဥက္ကဋ္ဌဦးလှဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူးဦးဝင်းတင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ပညာဗဟုသုတပြန့်ပွားရေးအတွက် ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးဟောပြောဆွေးနွေးသည်။ **(၄၂၅)**

နိုင်ငံတကာ အဆင့်မီ ရွှေနန်းတော် စိန်ရွှေရတနာဆိုင်

ဆိုင်ဖွင့်လှစ်ခြင်း(၁၀)နှစ်ပြည့် အထိမ်းအမှတ် အထူးအစီအစဉ်

၂၀၀၄ ခုနှစ် မေလ(၈)ရက်နေ့မှ (၂၁)ရက်နေ့အထိ

နိုင်ငံတကာအဆင့်မီ ရွှေနန်းတော် စိန်ရွှေရတနာဆိုင် (၂)ဆိုင်စလုံးတွင် ဝယ်ယူအားပေးကြသူတိုင်းကို

- ရွှေနန်းတော် အမှတ်တံဆိပ်ပါ **ထီးများ**
- အဖိုးတန်ဆုမဲများစွာပါဝင်သည့် **ပလာမပါကံစမ်းလက်ဆောင်များ**
- ကျပ်(၁၀)သိန်းဖိုးဝယ်တိုင်း ငွေသားကျပ်(၁)သောင်းရရှိမည့် **Golden Palace Diamond Card** တို့ကို နေ့စဉ်လက်ဆောင်ပေးနေပါပြီ။

နေ့စဉ်ဆိုင်ဖွင့်ပါသည်

E-mail: ant@myanmar.com.mm Website: www.goldenpalacejewellery.com

မျက်မမြင်သင်တန်းသားခေါ်ယူခြင်း

လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း ကြည့်မြင်တိုင်တွင် ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် စာပေနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားလိုသော မျက်မမြင် အမျိုးသား/အမျိုးသမီး (လူမျိုးဘာသာမရွေး) အောက်ပါ စည်းကမ်းချက်နှင့်အညီ ညီညွတ်သူများ လျှောက်ထားနိုင်ပါသည်။

လက်ခံသည့်မျက်မမြင်အမျိုးအစား

၁။ လုံးဝမမြင်သူများ
၂။ အနည်းငယ်မြင်သူများ (အမြင်အား ၁/၁၀ ထက်မပိုသူ)
၃။ ကုသ၍မရနိုင်သည့် မျက်မမြင်များ

စည်းကမ်းချက်

၁။ စာပေနှင့်လက်မှုပညာများကို သင်ယူလိုစိတ်ရှိပြီး ကိုယ်စိတ်ကျန်းမာသူဖြစ်ရမည်။
၂။ အသက် (၆)နှစ်မှ (၁၈)နှစ်အတွင်း ဖြစ်ရမည်။
၃။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူရှိရမည်။

အထက်ပါအချက်အလက်နှင့် ပြည့်စုံသူများသည် လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း အမှတ်–၁၃၂၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့နှင့် ပြည်နယ်၊ တိုင်းအသီးသီးရှိ လူမှုဝန်ထမ်းဦးစီးဌာနရုံးများမှတစ်ဆင့် သတ်မှတ်ထားသော လျှောက်လွှာပုံစံများ တောင်းယူ၍ လျှောက်ထားနိုင်ပါသည်။ သင်တန်းတက်ရောက်ခွင့်ရပါက သင်တန်းသား၏ စားဝတ်နေရေးအားလုံးကို နိုင်ငံတော်မှ တာဝန်ယူပါသည်။ ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးရန်မလိုပါ။ လျှောက်လွှာများကို ၂၀၀၄ခုနှစ် ဇွန်လ(၁)ရက်နေ့မှစ၍ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်းအမှတ်–၁၃၂၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်၊ ဖုန်း–၀၁–၅၃၅၅၄၈၊ ၅၃၈၃၀၇၊ ၅၃၈၃၀၈သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောင်းအုပ်
မျက်မမြင်ကျောင်း၊ ကြည့်မြင်တိုင်
လူမှုဝန်ထမ်းဦးစီးဌာန။

တော်ဝင်
အဆင့်မြင့်ခန်းဆီးလိုက်ကာ
☎ 542311 09-5002003

တော်ဝင်လင်း
May 13/27
Hotel Restaurant Aircon Express

မြို့လယ်ကွန်ဒိုတိုက်ခန်း
ငှားမည်၊ ရောင်းမည်
ဗိုလ်အောင်ကျော်လမ်း၊ MGW ကွန်ဒို၊ ခတ်လေ့ကား၊ ကားပါကင်
25' x 55' 4F Ph; 2AC;
ပန်းဆိုးတန်း (ငှား)
20' x 55' 3F Ph; 2AC; MBR, SBR (ရောင်း)
ဆက်သွယ်ရန် Ph - 298318.

ENGLISH (U.M.N)
Visa Home Interview GRAMMAR
☎ 705533, 290154

Ph-510887
A.G.T.I (MP)

TV
Ph : 560339

MMC Printer Care
မှ
HP/Canon/Epson/Brother/OKI/LEXMARK LaserJet Printer
များကိုပြုပြင်ပေးခြင်း၊
အရည်အသွေးမီ မင်ဖြည့်ပေးခြင်း၊
အပိုပစ္စည်းများကိုပံ့ပိုးပေးခြင်း၊
ဖြင့် မေလ မှ ဇွန်လ အတွင်း
လက်ခံမဲ့ဆောင်ရွက်ပေးနေပါသည်။

HP/Canon Toner Refill	5,000ks.
Brother Toner Refill	8,000ks.
Epson Toner Refill	6,500Ks.

LaserJet Printer Spare Parts *Available*
အမှတ်–၁၃၂(ပထပ်)၊ ၂၉လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
Tel.: 01-705719 / 01- 709609
E-mail: centillion@mptmail.net.mm






မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

(Director, GREAT LUCK CO., LTD.)

(Managing Director, GREAT LUCK CO., LTD)

Final Year (Physics)

D.A, D.M.A, D.M.P, C.A.T, ACCA (Part II) London

နှင့်

B.Sc (Zoology)

Traders Hotel

Lazy Club


အများသိစေရန်ကြေညာချက်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးမြို့၊ အမှတ်(၃၇၅)၊ ရန်ကုန်–မန္တလေးလမ်းမကြီး၊ ဥသာမြို့သစ်နေ ဦးကျင်အောင်–ဒေါ်ငွေးကြည်(သံရောင်းဝယ်ရေးနှင့် နန်းဆွဲလုပ်ငန်း) တို့၏သားကြီး

ဗိုလ်ကြီးဇော်မင်းအောင် B.Sc°(D.S.A)

တပ်မတော်(လေ) နှင့်

ပဲခူးမြို့၊ အမှတ်(၄၅၆)၊ ပြည်တော်သာ(၂)လမ်းနေ ဦးတင်အုန်း–ဒေါ်သီတာဦးတို့၏တစ်ဦးတည်းသောသမီး

မလှဲ့ဝတ်ရည် B.C.Sc; B.Sc°(Zoology)

တို့သည် ၂၄–၄–၂၀၀၄ရက်(စနေနေ့)တွင် နှစ်ဖက်မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးဇော်မင်းအောင်–မလှဲ့ဝတ်ရည်။

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာ ဆုမွန်လွှာ

ချစ်သောဖေဖေ **ဦးမောင်မောင်လင်း**(ခရိုင်ဥပဒေအရာရှိ၊ မုံရွာခရိုင်ဥပဒေရုံး)နှင့် ချစ်သောမေမေ **ဒေါ်နုနုဝင်း**တို့၏ ၇–၅–၂၀၀၄ရက်နေ့တွင် ကျရောက်သည့် (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာနှစ်ပတ်လည်မှ ရွှေရတု၊ စိန်ရတု မင်္ဂလာနေ့များတိုင် ချစ်သားများနှင့်အတူ တိုင်းကျိုးပြည်ကျိုး မိသားစုအကျိုးတို့ကို ပျော်ရွှင်ချမ်းမြေ့စွာ ဆောင်ရွက်နိုင်ကြပါစေ။

ချစ်သားကြီး – မောင်လင်းပြည့်စုံ

M.Y.P, Singapore

ချစ်သားလေး – မောင်ဖြိုးကြည်သာ

ဒုတိယနှစ်(သမိုင်း)မုံရွာတက္ကသိုလ်။

(၅၅)နှစ်မြောက်မင်္ဂလာဆုမွန်

ကျေးဇူးရှင်ဖေဖေ **ဦးတင်မောင်** (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ထွေဂျာ၊ ငြိမ်း)၊မေမေ **ဒေါ်စန်းမြင့်**တို့၏ ၂၅–၄–၂၀၀၄နေ့တွင်ကျရောက်သော (၅၅)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့မှ စိန်ရတုသို့တိုင်အောင် သား၊ သမီး၊ မြေးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပျော်ရွှင်စွာဖြင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်တောင်းလျက်–––။

သမီး–ဒေါ်အေးအေးမြင့် B.Sc (Maths)-ဦးမျိုးမြင့်တင် B.E (Mech) M.O.C.E

သမီး–Dr.သန်းသန်းဝင်း M.B.,°B. S (Ygn), D.T.C.D (U.K)

သမီး–Dr.တင်တင်ဝင်း M.B.,°B. S (Ygn), M.D - Dr.ဇေရှိန်ဝင်း M.B., B. S (Ygn), M.D

သား–ဦးအောင်မော် Bag, အကောက်ခွန်ဦးစီးမှူး၊ အကောက်ခွန်ဦးစီးဌာန– Dr.ဖြူဖြူမော် M.B.,°B.°S (Ygn)

သမီး–ဒေါ်သီသီတင် B.Econ, D.C.Scလ/ထ မန်နေဂျာ၊ MFTB–ဦးမြင့်ဝင်း ဒါရိုက်တာ CFC Co.,Ltd.

သမီး–Dr.နီနီတင် M.B.,°B.°S (Ygn)M.D– Dr.လှဖေဝင်း M.B., B. S (Ygn) M. D

သမီး–ဒေါ်အိအိတင် B.Sc (Chem) လ/ထ ညွှန်မှူး MOFA– ဦးဉာဏ်မိုးသင်း Htoo Trading Ltd.

မြေးများ–သစ်နုဝေတင်၊ လရောင်ဝင်း၊ ထားနုဝေတင်၊ အောင်ဖြိုးသော်၊ ရွက်နုဝေတင်၊ စိန့်စိန့်၊ သီဟသင်း၊ ရွှန်းဝေအိ၊ ချစ်စနိုး။

ဦးခင်မောင်ရွှေ

* Four Skills & Grammar
* Speaking, Writing & Grammar

IELTS, TOEFL, GCE

လှည်းတန်း



အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော တာမွေမြို့နယ်ရှိတိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား လက်ဝယ်ရရှိထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့် အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
ဒေါ်အုန်းမြင့်(ကစ) မခိုင်ဆွေဦး [၁၂/တမန(နိုင်)၀၅၈၀၆၇]	ဦးသန်းဝင်း [၁၁/ကတန(နိုင်)၀၀၀၁၄၆]	တိုက်–အေ/၅၊ အခန်း–၁၆၊ ဗညားဒလအိမ်ရာ

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

မြတ်စောညီနောင်စေတီတော်မြတ်ကြီး နောင်တော်ကြီးစေတီတော် ရွှေထီးတော်အသစ်တင်လှူပူဇော်ပွဲအခမ်းအနား

ပဲခူးတိုင်း တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်စေတီတော်မြတ်ကြီးအား ဘက်စုံမွမ်းမံပြန်လည်တည်ဆောက်ပြီးဖြစ်ပါ၍ နောင်တော်ကြီးစေတီတော်အား ရွှေထီးတော်အသစ်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ၂၀၀၄ခုနှစ် မေလ(၉)ရက် ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် (၆)ရက် တနင်္ဂနွေနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ စေတနာရှင် ပြည်သူများ ကြည်ညိုပူဇော်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

မြတ်စောညီနောင်ဘုရားဂေါပကအဖွဲ့။

ရန်ကုန်ဝိဇ္ဇာ–သိပ္ပံတက္ကသိုလ် ၁၉၇၁ခုနှစ် မြန်မာစာကျောင်းသား/ သူများ မြတ်ဆရာပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲ

၁၉၇၀–၇၁ မြန်မာစာဘွဲ့ရ ကျောင်းသား/သူများ၏ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားပါသည်။

နေရာ – တက္ကသိုလ်များဓမ္မာရုံ

နေ့ရက် – ၁၆–၅–၂၀၀၄ (တနင်္ဂနွေနေ့)

အချိန် – နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီထိ

ဆက်သွယ်ပါရန်–ဒု–ရဲမှူးကြီးခင်ထွန်း (ရုံး)၅၄၉၂၁၈၊ (အိမ်)၅၅၄၀၅၅

ဦးအောင်စိုးဦး (ရုံး)၀၉၈၀၂၄၁၄၁၊ (အိမ်)၂၄၃၃၆၃

ဒေါ်သန္တာခင် (ရုံး)၅၅၉၁၆၀၊ (ရုံး)၀၉ ၈၀ ၂၄၂၇၉

ဒေါ်ခင်ညိမ်း (ရုံး)၂၉၇၃၃၀

ဒေါ်ခင်ဝင်းရီ (ရုံး)၂၈၀၇၆၈

ဦးမောင်မောင်ကြည် (ရုံး)၂၂၂၄၆၄

၅၉၂၊ ကမ်းနားလမ်း၊ လမ်းမတော်မြို့နယ်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးမောင်မြင့် – ဒေါ်ကြင်ဥတို့၏သား

မောင်မျိုးထွန်းဦး

နှင့်

ဘိုကလေးမြို့နေ ဦးစိုးမြင့် – ဒေါ်မြမြဝင်းတို့၏သမီး

မတင်နီလာစိုး Final Yr (Pharmacy)

တို့သည် ၄–၅–၂၀၀၄(အင်္ဂါနေ့)တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်မျိုးထွန်းဦး – မတင်နီလာစိုး။



ရောင်းရန်

I BEAM (14" × 7") နှင့် (12" × 6")၊

LIP CHANNEL (PURLIN) (6" x 2 ")

INSULAION (1.2M×12M×50MM)

များရောင်းရန် ရှိသည်။

ဆက်သွယ်ရန် 09-99-28031, 725468

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌မြန်မာကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။	Engineer	B.E°(Civil)	ကျား (၃) ဦး
၂။	Assistant Engineer	A.G.T.I°(Civil)	ကျား (၁၀) ဦး
၃။	Accountant	B.Com.,C.P.A (or) B.Com, (for construction)	ကျား/မ (၃) ဦး
၄။	Store Keeper	A.G.T.I°/ Any Graduate	ကျား (၃) ဦး

အမှတ်စဉ်(၁၊ ၂)အတွက် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်၊ အသက်(၄၅)နှစ်အောက်၊ လုပ်ငန်းခွင်အတွင်း အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

အမှတ်စဉ်(၃)အတွက် လုပ်ငန်းအတွေ့အကြုံ (၅)နှစ်၊ Computerized Accounting အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

အထက်ပါရာထူး လျှောက်ထားသူအားလုံးသည် ဆောက်လုပ်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။ ဤသတင်းစာကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း လျှောက်ထားသူ၏ ကိုယ်ရေးရာဇဝင်၊ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာနှင့်အတူ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန် – အမှတ်(၆၁)မြေညီထပ်၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်။

ဖုန်း – ၂၂၆၅၀၀၊ ၂၁၀၄၆၂။

MOTHER LAND

CONSTRUCTION & HOME DECORATION

Mother Land Home Decoration မှ Plaster Cornices နှင့် Gypsum Board

Plaster Cornice

Ph: 01-245029, 01-248912, Fax: 95-1-204058

TOP ☎ 243363 705877

အမည်ပြောင်းခြင်း

အဖ ဦးကျော်ဝင်း၏သမီး မသက်သက်ဝင်း ဒသမတန်း(A)၊ အထက(၁) မရမ်းကုန်းအား မစုလှဲ့နန္ဒာဟု အမည်ပြောင်းလဲခေါ်ပါရန်။

စုလှဲ့နန္ဒာ။

အမည်ပြောင်းခြင်း

အဘ ဦးကြည်တိုး၏ သမီး မရမ်းကုန်းမြို့နယ်၊ အထက(၅) နဝမတန်း(D)မှ မဝတ်ရည်ဝင်းအား မရည်ဝေဝိုင်းဟု ပြောင်းလဲခေါ်ပါရန်။

မရည်ဝေဝိုင်း။

Beauty

GCE, TOEFL, IELTS, English Grammar Class

Commencing Date : May 2004

☎ 212357, 252821

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁ရက်
(၂၀၀၄ခုနှစ် မတ်လ ၃၁ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် ဇွန်လ(၂၆)ရက်မှ ဇူလိုင်လ(၃)ရက်အထိ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ပါသည်။

(က) နိုင်ငံတော်နှင့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ နိုင်ငံခြားငွေ တိုးတက်ရရှိစေရန်။

(ခ) နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကျောက်မျက်ရတနာကဏ္ဍမှ အထောက်အကူပြုနိုင်ရန်။

(ဂ) ကျောက်မျက်ရတနာဈေးကွက် နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ထွန်းစေရန်။

(ဃ) ကျောက်မျက်ရတနာများကို ပြည်ပသို့ တရားမဝင်ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများ လျော့နည်းပပျောက်စေရန်။

၂။ ၂၀၀၄ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာလုပ်ငန်းရှင် အများစုအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲကိုအောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ရောင်းရငွေ ယူရို (၁၈ဒသမ၅)သန်းကျော် ရရှိခဲ့ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေး သတ်မှတ်၍ တင်ပြရောင်းချခဲ့ခြင်းနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပမှရတနာကုန်သည် (၆၃၀)ကျော် တက်ရောက်ယှဉ်ပြိုင်ဝယ်ယူကြခြင်းတို့ကြောင့် ရောင်းရငွေများ တိုးတက်ရရှိခဲ့ခြင်းဖြစ်ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲမှစ၍ ငွေပေးချေရေးစနစ်များ ပြင်ဆင်သတ်မှတ်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာဌာနများနှင့် ညှိ၍ ဝယ်ယူသည့် ကျောက်မျက်ရတနာများကို ပြည်ပသို့လျင်မြန်စွာတင်ပို့ ပေးလျက်ရှိခြင်းတို့ကြောင့် ရောင်းချရသည့် နိုင်ငံခြားငွေများ အမြန်ရရှိလျက်ရှိပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်များ တင်ပြရောင်းချသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနက် လုပ်ငန်းသုံးငွေလည်ပတ်စေရန် နိုင်ငံတော်မှ ကြိုတင်ငွေ/ချေးငွေများ ရယူလိုသူများအား သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ငွေ/ချေးငွေများ ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning)အဖြစ်သတ်မှတ်ရေး၊ ပြည်ပပို့ကုန်ရောင်းရငွေများဖြင့် ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုရန်လိုအပ်သည့် လောင်စာဆီ၊ စက်ယန္တရားစသည်များကို ပြည်ပမှတင်သွင်းခွင့်ရရှိရေးအတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းတင်ပြ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် ဇွန်လအတွင်း ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် နိုင်ငံသား/ကုမ္ပဏီ/အသင်းများမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၄ခုနှစ် မေလ(၁)ရက်မှ ဇွန်လ(၁)ရက်အတွင်း စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၅။ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရန်ကုန်မြို့၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)နှင့်မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် တူးဖော်ရေးစခန်းရုံးများနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ပါသည်။

၆။ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများကို မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက အထက်စာပိုဒ်(၅)ပါ လုပ်ငန်း/ဌာန/ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

Yamin ယမင်း

HIACE

Transport Service

☎ - 285770, 09 80 23333

Yan Aung

☎ 256790, 380291 242967

ကားဝယ်မည်

Toyota Corona 1.8 Ex Saloon 84,87 Model (သို့) Sprinter 84, 86 Model။

ပွဲစားမလို။
ဖုန်း-၂၈၆၄၁၀။

အိမ်ငှားလိုပါသည်

အဆင့်မြင့် လုံးချင်း(သို့)ကွန်ဒိုတယ်လီဖုန်း၊ Aircon၊ အသင့်နေနိုင်။ **(ပွဲစားမလို)။**

ဦးကျော်သူ
ဖုန်း-၂၉၀၂၄၅၊ ၀၉ ၅၀၀၀၉၁၃။

Honda 3.6KV, EP.4000

Dyna Box, Pick Up, Saloon

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါက်တာဦးအောင်
ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာနမှ ပါမောက္ခ ဒေါက်တာ ဦးအောင်သည် ၄-၅-၂၀၀၄နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခနှင့် ဆရာ၊ ဆရာမများ
ဓာတုဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်လင်ရှုတီ၊ အသက်(၈၆)နှစ်

သူငယ်ချင်း ရန်စုမောင်(ခ)ဦးရဲဝင်းနှင့် ဒေါ်မြမြဝင်း၏မိခင်ကြီး ဒေါ်လင်ရှုတီ ၂-၅-၂၀၀၄နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဦးထုံ့ရွှေပန်းတိမ် ဦးကျော်ဝင်းနှင့်မိသားစု။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ခ/၆၇၁၁ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။ **၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏နိုင်ငံကူးလက်မှတ် ၂၅၆၅၂၃ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပေးပို့ပါရန်။

ဦးသန်းလွင်
ဖုန်း-၂၁၂၇၈၇။

ခွေးရောင်းရန် (အယ်ဖေးရှင်း)

Garman နှင့် Australia Import ကျ အထီး၊ အမတို့မှ ပေါက်သော အယ်ဖေးရှင်း နှစ်လသား။ **လှိုင်ဘွား၊ တိရစ္ဆာန်ဆေးကုခန်း၊ ၁၂/သာရေစက်ရုံရှေ့၊ အင်းစိန်လမ်းမကြီး။**

ဆွတ်ပြီ

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
ဦးမှန်အောင်
အင်ဂျင်နီယာ(၂) ညှိနှိုင်းဆောင်ရွက်ရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ချစ်လှစွာသော ခင်ပွန်း ခရစ်တော်၌အိပ်ပျော်သွားသည်မှာ ၅-၅-၂၀၀၄တွင် တစ်လပြည့်ပြီဖြစ်သော်လည်း ချစ်ခင်ပွန်းအား နေ့စဉ်သတိရ လွမ်းဆွတ်လျက်ပါ။ ချစ်ခင်ပွန်း ကောင်းကင်ဘုံမှာ အဖ ဘုရားသခင်နဲ့အတူ ထာဝရသုခချမ်းသာ ခံစားနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ချစ်လှစွာသောဇနီး - °M. ဂျာရော် (ဦးစီးအရာရှိ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏တတိယတန်းရေယာဉ်အုပ်လက်မှတ်-ဆတ၉/၈၀နှင့် သင်္ဘောသားလုပ်သက် မှတ်ပုံတင်စာအုပ်သည် ၁-၅-၂၀၀၄နေ့တွင် ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဦးမြမောင် ဖုန်း-၅၄၅၅၅၀။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂ခ/၂၆၀၇မော်တော်ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့်သိန်း နိုင်ငံသားမှတ်ပုံတင်အမှတ် KGN-၀၇၂၆၉၃မှ မော်တော်ယာဉ် မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် (၁၅)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အရှေ့ပိုင်းခရိုင်ရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ခရိုင်ရုံး(အရှေ့ပိုင်း)
ကညန၊ ရန်ကုန်။

အများသိစေရန် သတိပေးကြေညာချက်

မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်း၊အမှတ်(၇၂)နေ ဒေါ်ချိုချိုဦး [၁၂/မရက(နိုင်)၀၂၃၈၉၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း ကြေညာအပ်ပါသည်။

မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ မြေကွက်အမှတ်(၇၂)၊ ဧရိယာ(၄၀ x၂၀)ပေရှိ မြေကွက်သည် ကျွန်ုပ်အမှုသည်၏ဖခင် ဦးမြဦး အမည်ပေါက်မြေကွက်ဖြစ်ပြီး မိဘနှစ်ပါးကွယ်လွန်ပြီးနောက် ကျွန်ုပ်၏အမှုသည် ဒေါ်ချိုချိုဦးအမွေဆက်ခံပိုင်ဆိုင်လာသော မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်၏အမှုသည် ဒေါ်ချိုချိုဦး၏ ခွင့်ပြုချက်မရဘဲ ၎င်းမြေနှင့်မြေပေါ်ရှိ အဆောက်အအုံတို့ကို ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အငှားချထားခြင်း၊ မြေအမည်ပေါက်ပြောင်းလဲခြင်းတို့ကို မပြုလုပ်ရန် သတိပေးတားမြစ် ကြေညာအပ်ပါသည်။ ဆန့်ကျင်ပြုလုပ်ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအုန်းသန်းလတ်(အယ်လ်အယ်လ်ဘီ)
အထက်တန်းရှေ့နေ(၁၇၉၃၉)
အမှတ်(၁၆/၂၅၃)၊ ဝန်ထမ်းကြီးရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်တင်စ၏သား၊ သမီးများဖြစ်ကြသော မောင်ဇော်စိုင်းမိုး မှတ်ပုံတင်အမှတ်[၁၂/အစန(နိုင်)၀၀၄၃၀၂]နှင့် မကျင်ကျင်မိုး မှတ်ပုံတင်အမှတ် [၁၂/အစန(နိုင်)၀၀၁၅၅၀]တို့သည် မိဘစိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သား၊ သမီးအဖြစ်မှ ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

ဒေါ်တင်စ။

ဝမ်းနည်းကြေကွဲခြင်း

ပြည့်ဝေလျှံမြတ်စွာဘုရား၏ ဘုရားဒါယကာ၊ အလှူအမကြီး ဒေါ်ခင်စန်းမူ၏ ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်တက္ကသိုလ်ဓာတုဗေဒဌာနပါမောက္ခ ဒေါက်တာ ဦးအောင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ဆယ်တော်မူစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့
(ဒဂုံ/မ၊ အရှေ့ပိုင်းမြို့နယ်)။

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာ ဦးအောင်
(ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)

ရိုသေလေးစားရပါသော ပါမောက္ခ ဆရာကြီး ဒေါက်တာ ဦးအောင် ၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာခင်မာထွန်း၊ ဒေါက်တာသဇင်လွင်
ပါရဂူ(ကျွမ်းပြုနှင့်အကြိုကျောင်းသူ/သားများ)
အင်အော်ဂဲနစ်၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ စိန်ပန်းလမ်း၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာ၊ အမှတ်(၁၀)နေ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးဖေသိန်းအောင် မှတ်ပုံတင်အမှတ်(အမ်ဝိုင်အေ-၀၁၃၅၇၅)နှင့် ဒေါ်တင်တင်သိန်း မှတ်ပုံတင်အမှတ်(အမ်ဝိုင်အေ-၀၁၄၂၃၁)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများ၏သားဖြစ်သူ ဦးအောင်မင်းသိန်း(အိပ်ချ်ဂျီယူ-၁၂၀၂၂၈)သည် မိဘနှစ်ပါးနှင့်အစ်ကိုအစ်မများ၏ ပြောဆိုဆုံးမစကားများအား လိုက်နာမှုမရှိဘဲ မနာခံသဖြင့် ဤကြေညာပါရှိသည့်နေ့မှစပြီး ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့အား မိဘများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဖေသိန်းအောင်နှင့် ဒေါ်တင်တင်သိန်းတို့၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်သိန်း
တရားရုံးချုပ်ရှေ့နေ
အခန်း(၁၀၄)၊ အမှတ်(၅၆၃)၊ (M.A.C Tower)
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်း
အသက်(၄၁)နှစ်
(လားရှိုးမြို့)

လားရှိုးမြို့၊ (၁)ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ်(၁၉)နေ အဘ(ဝဏ္ဏကျော်ထင် ဦးစဝ်ခွန်ဆမ်)–အမိ(ဒေါ်နန်းဆွေ)တို့၏ ချစ်လှစွာသောသမီးထွေး၊ ဒေါ်စဝ်အမ်းအောင် (ဒေါ်ဝိုင်းလက်)၊ ဦးခွန်ထွန်းလူ(ခ)ဦးဒစ်ကီ–ဒေါ်မာဂရက်၊ ဒေါ်စဝ်နန်းအုပ်(ခ)မလော်ရင်း၊ ဒေါ်စဝ်နန်းပန်(ခ)မဖိန်း၊ (ဦးစဝ်ခွန်ဖုန်း)၊ဗိုလ်ချုပ်ကိုကို–ဒေါ်စဝ်နွန်းခွန်ဆမ်၊ (ဦးခွန်သန်းထွန်း)၊ဦးခွန်ခယ်တို့၏ချစ်လှစွာသော ညီမထွေး၊ ခွန်ဖုန်းမြတ်စိုး၊ ခွန်စောမင်းခေါင်၊စဝ်သန္တာထွန်း၊ မဝတ်မှုံထွန်း၊ မောင်ရဲမင်းကိုကို၊ ဗိုလ်လောင်းသီဟကိုကို၊ မစောသီရိကိုကို၊ မောင်စည်သူကိုကိုတို့၏ချစ်လှစွာသော ဒေါ်လေးသည်၅–၅–၂၀၀၄(ဗုဒ္ဓဟူးနေ့)ညနေ ၃း၅၅နာရီတွင်တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါ၍ ၇–၅–၂၀၀၄(သောကြာနေ့) နံနက်၉း၃၀နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

လားရှိုးမြို့၊ (၁)ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ် (၁၉)နေ ပန်လုံစော်ဘွားကြီး (ဝဏ္ဏကျော်ထင် ဦးစဝ်ခွန်ဆမ်–ဒေါ်နန်းဆွေ) တို့၏သမီးထွေး၊ ဗိုလ်ချုပ်ကိုကို–ဒေါ်စဝ်နွန်းခွန်ဆမ် တို့၏ ညီမ၊ ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်း(လားရှိုး)သည် ၅–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဦးခင်မောင်အေး–ဒေါ်ညွန့်တင်**
ဦးဆောင်ညွှန်ကြားရေးမှူး
မွေးမြူရေး၊ အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း။

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးအောင်
ပါမောက္ခ၊ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

ရှိသေလေးစားရပါသော ပါမောက္ခဆရာကြီး ဒေါက်တာဦးအောင် ၄–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဒေါက်တာခင်မာထွန်း၊ ဒေါက်တာသဇင်လွင်**
ပါရဂူ(ကျွမ်းပြုနှင့် အကြိုကျောင်းသူ/သားများ)
အင်အော်ဂဲနစ် ဓာတုဗေဒဌာန ရန်ကုန်တက္ကသိုလ်။

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ၊ ဒေါက်တာဦးအောင်
ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

ကျေးဇူးရှင်ဆရာ ၄–၅–၂၀၀၄ ရက်တွင်ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။
ရဲမြင့်အောင်(ဒဂုံတက္ကသိုလ်)–ဒေါက်တာကျော့ကျော့ဆွေမိသားစု။

ဒေါ်အေးနု အသက်(၈၀)
(ဝါးဘလောက်သောက်)

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် B-2 (B.N.C) ဝင်း၊ ကူးတို့ဆိပ်ရပ်ကွက်နေ(ဦးထွန်းမှိုင်)၏ ဇနီး၊ ဦးမျိုးသက်–ဒေါ်တင်ဝင်း၊ ဦးသန်းထွန်း–ဒေါ်ကျင်ရီ၊ ဦးဝင်းအောင်–ဒေါ်ခင်သိန်း၊ ဦးဝင်းမြင့်–ဒေါ်ခင်ခင်လှိုင်၊ ဦးတင်ရှိန်–ဒေါ်လဲ့လဲ့ဝင်း၊ (မောင်ဝင်းနိုင်)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၃ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၅–၅–၂၀၀၄ရက်တွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၇–၅–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၀း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ရွှေ အသက်(၇၀)
(သံတွဲမြို့၊ပြည့်ဝ)

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ပြည့်ဝရွာနေ ဦးညီချစ်ဦး–ဒေါ်မယ်မြတို့၏ သား၊ သံတွဲမြို့၊ ဗိုလ်ချုပ်လမ်းနေ ဦးတင်ဖေ–ဒေါ်အေးညွန့်တို့၏ ညီ၊ ရန်ကုန်မြို့၊ အမှတ်(၂၇)၊ရွှေဟင်္သာလမ်း၊(၁)ရပ်ကွက် ဒဂုံအရှေ့မြို့နယ်နေ၊ ဒေါ်တင်လှ၏ ခင်ပွန်း၊ဆရာတော်ဦးသုမန(မူလမင်းကွန်း)၏ ဦးလေး၊ ဦးသန်းဝေ–ဒေါ်တင်တင်ဦး၊ ဗိုလ်ကြီးခင်မောင်ဌေး–ဒေါ်အေးအေးစိုး (မ/စိုက်ပျိုးရေး–မော်ဘီ)၊တကဉာဏ်စိုး (တပ်မတော်–ရေ) – ဒေါ်စန်းစန်းဝင်း၊ ကိုရန်နိုင်စိုး၊ မဇင်မာစိုး(ကညန၊မြင်သာ) တို့၏ဖခင်၊ မြေငါးယောက်တို့၏ အဘိုးသည် ၆–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၅–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှကားများ မွန်းလွဲ ၂နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုထွန်းလင်း (၃၁)နှစ်
B.A(Eco)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ သလ္လာဝတီလမ်း၊ (၁၀/မ)ရပ်ကွက်၊ (၄၇၉/က)နေ ဦးစိုးမြင့်–ဒေါ်ခင်ဝင်း တို့၏သားလတ်၊ ကိုအောင်ထွန်းဝင်း (MEPE Civil(တ)အုပ်စုမှူး)–မယုမော် တို့၏ ညီ/မောင်၊ ကိုအောင်ထွန်းမင်း (Forward, M. Co., Ltd.) – မဇာခြည်လတ် (AWB)၊ မောင်ဇော်မြင့်ထွန်း (Myanmar Time)– မအေးအေးအောင်၊ မောင်အေးမင်းထွန်း (P.V.C Industry)၊ မယဉ်ယဉ်ထွေး (A.G.T.I. EP)၊ မမာမာစိုး (1st Yr Myan)၊ မောင်သန်းလှိုင်၊ မအိအိလှိုင်တို့၏ အစ်ကိုသည် ၂–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၈–၅–၂၀၀၄(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမ ဒေါ်ဝင်းစိန်(ခ)
ဒေါ်ဖုရ်ဂျာန်ဘီ (၆၉)နှစ်
ခါလာကြီးကားပစ္စည်းဆိုင်ဘုရင့်နောင်ဈေး

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖိုမြေရပ်ကွက်၊ အမှတ်(၉၁) ၁၀၁လမ်းနေဟာဂျီဦးတင်သိန်း (ဥက္ကဋ္ဌ–ကျောင်းအကျိုးတော်ဆောင်အဖွဲ့(အထက–၁၊မင်္ဂလာတောင်ညွန့်)၏ဇနီး၊ဒေါ်ခင်သန်း ဝင်း–ဦးလှမြင့်၊ ဦးတင်ဝင်း (BROWN & STONE Computer Embroidery)–ဒေါ်ချမ်းမြဇာခြည်ဝင်း၊ဒေါ်မိမိချို (ဗိုလ်ချုပ်ဈေး)–ဦးဇော်မင်းဦး၊ ဒေါ်ခင်မာဝင်း–ဦးမျိုးထွဋ်၊ဒေါ်ခင်မာကြည်–ဦးဇော်မင်းတို့၏ မိခင်ကြီး၊ မြေး၁၀ယောက်တို့၏ ဘွားဘွားသည် ၆–၅–၂၀၀၄ရက်တွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ ညနေအစ္စာလ်နမာဇ်အပြီးရေဝေးမွတ်စလင်ကာဘာရ်စတန်၌ဒါဖနာပြုလုပ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကိုတင်နိုင်ဦး (၄၁)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၂၅)ရပ်ကွက်၊ ပုလဲရတနာလမ်း၊ အမှတ် (၄၇)နေ ဦးသန်းကျော်(လ/ထ ကြီးကြပ်ရေးမှူး၊ ရထားထိန်း၊ မြန်မာ့မီးရထား၊ငြိမ်း)–ဒေါ်ခင်စန်းရီတို့၏ သား၊ ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူမီးရထားဝင်း၊ အမှတ်(၃၃–G)နေ (ဦးလှမြင့်၊ ရထားထိန်း) – ဒေါ်သောင်းသောင်းတို့၏သားသမက်၊ ကိုတင်ထွန်း–မအေးအေးမော်၊ ကိုသိန်းဇော်မိုး–မမူမူသက်၊ ကိုဇော်မင်းကျော်တို့၏ အစ်ကို၊ ဒေါ်သီတာဦး(အမှတ်–၇၊ တိုင်း/မြန်မာ့မီးရထား)၏ ခင်ပွန်း၊ မောင်ဇေယျာမင်း (နဝမတန်း၊ထ–၄၊တောင်ညွန့်)၊ မအေးမြစန္ဒာ(တတိယတန်း၊မ–၅၊ တောင်ညွန့်) တို့၏ ဖခင်သည် ၅–၅–၂၀၀၄ရက်တွင်ရန်ကုန်ဆေးရုံကြီးအထွေထွေကုသဆောင်၌ကွယ်လွန်ပါ၍ ၇–၅–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါ မည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုအုန်းဟန်ဦး(ခ)ကိုဦး
အသက်(၄၀)၊ (ပဲခူး)

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ မြယမုံစားသောက်ဆိုင်ပိုင်ရှင်ဦးသောင်းဟန်–ဒေါ်ခင်သိန်းတို့၏ ချစ်လှစွာသောသားကြီး၊ကိုမျိုးဟန်–မအေးအေးသန်း၊ ကိုမင်းဟန်–မခင်သန္တာတို့၏ အစ်ကိုကြီး၊မောင်သိန်းမျိုးထွန်း(ထ–၂၊ လသာ)၊မခင်ပြည့်စုံ(ထ–၁၊ ပန်းဘဲတန်း) တို့၏ ဘကြီးသည် ၅–၅–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၇–၅–၂၀၀၄ရက် ညနေ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(မြယမုံစားသောက်ဆိုင်ရှေ့မှ ကားများ မွန်းလွဲ ၁း၃၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကြင် (၈၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ စက်ရုံလမ်း၊ စည်ပင်အားကစားဝင်း၊အမှတ်(၁)နေ(ဦးဝင်း–ဒေါ်စိမ်းမြ)တို့၏သမီး၊ပဲခူးမြို့နေ(ဦးသိန်း–ဒေါ်တင်ညွန့်)၊ (ဦးအောင်ရွှေ–ဒေါ်ညွန့်)တို့၏ ညီမ၊ တောင်ဒဂုံမြို့နယ်၊ အမှတ်(၁) စစ်မှုထမ်းဟောင်း၊ စံပြရွာ(၄/၂/၁၆)နေအရာခံဗိုလ်(ငြိမ်း) ဦးခင်မောင် ညွန့်၏ ဇနီး၊ ဒေါ်မြမြစိမ်း(ခန္တီး)၊ (ဗိုလ်ကြီးဇော်ဝင်း)၊ ဦးသန်းအေးမော် (ကြီးကြပ်ရေးမှူး၊ အခွန်ဌာန၊ မြို့တော်စည်ပင်)–ဒေါ်တင်တင်နိုင်၊ ဦးစိန်မြင့် (ဌာနစုမှူး၊ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ မြို့တော်စည်ပင်)–ဒေါ်ယဉ်ယဉ်ဌေး၊ ဦးဇော်မြင့်ဦး–ဒေါ်အေးအေးမြင့်(အလက–၄၊ဒဂုံမြို့သစ်အရှေ့ပိုင်း)၊ဦးကျော်မင်း(ဌာနမှူး၊ စီမံရေးရာဌာန၊မြို့တော်စည်ပင်)–ဒေါ်သီရိပွင့်၊ ဗိုလ်ကြီးတင်ဌေး(ငြိမ်း)–ဒေါ်တင်တင်နွယ်၊ ဦးမြင့်မောင်–ဒေါ်သင်းသင်းမြင့်(ကော့သောင်း)တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေး ၂၀ယောက်တို့၏ အဘွားသည် ၅–၅–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၄း၅၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၇–၅–၂၀၀၄(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ပေါ(၇၉)နှစ်
(မြင်းခြံ)

မြင်းခြံမြို့၊ အမှတ်(၃)ရပ်ကွက်နေ(ဦးထွန်းနိုင်–ဒေါ်ဖွားအုံ)တို့၏သမီး၊ (ဦးတင်မောင်၊ နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်)၏ ဇနီး၊ ရန်ကုန်မြို့နေ ဦးဘိုဝင်း (ပညာရေးစီမံကိန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်)–ဒေါ်ခင်မော်၊ ဦးအုန်းမောင်–ဒေါ်ယဉ်ယဉ်ဝင်း၊ ဦးခင်မောင်အေး–ဒေါ်လှလှဝင်း၊ ဗိုလ်ကြီးသန်းဆွေဝင်း(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)–ဒေါ်စိုးပပ၊ ဦးဝင်းမြင့်သိန်း–ဒေါ်သန္တာဦးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး၁၂ယောက်တို့၏ဘွားဘွားကြီးသည် ၆–၅–၂၀၀၄ရက်တွင် မြင်းခြံမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၈–၅–၂၀၄ရက် နံနက် ၉နာရီတွင် ရွာဇီသို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ပေါ(မြင်းခြံ)
အသက်(၇၉)နှစ်

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၏မိခင် ဒေါ်ခင်ပေါ(မြင်းခြံ) အသက်၇၉နှစ်သည် ၆–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။ **ပညာရေးဝန်ကြီးဌာန(ဝန်ကြီးရုံး)။**

ဒေါ်ကျင်မီ(၈၄)နှစ်
(ကျုံပျော်)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ တိုက်အမှတ်၂၁၆၊၂၂၂၊အခန်း(C–၆) မဟာဗန္ဓုလလမ်းနှင့် ၄၉လမ်းထောင့်၊ ဗိုလ်မြတ်ထွန်းအိမ်ရာနေ (ဦးအဟောင်–ဒေါ်ရှပ်)တို့၏ သမီး၊ ဦးကျင်စိန်၏ဇနီး၊ ဦးခင်မောင်လတ် – ဒေါ်အေးအေး၊(Dr .ချူပိန်ရှင်း)–Dr .တင်တင်လှိုင်၊ ဦးမြင့်သိန်း(MOGE)–Dr.စုစုလှိုင် (YGH)၊ ဦးရွှေလှဝင်း–ဒေါ်ငယ်ငယ်စိန်၊ ဦးဝန်စု–ဒေါ်ဖြူဖြူ တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားဒေါ်ကျင်မီသည်အထက်ပါနေအိမ်၌ ၅–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၇–၅–၂၀၀၄(သောကြာနေ့) ညနေ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်သန်း(ခ)
ပင်စီပင့်ဌါ(ခ)
ဒေါ်ကောက်ဘို့(၇၄)နှစ်
(မော်လမြိုင်)

မော်လမြိုင်မြို့နေ (ဦးပင့်ဌါ–ဒေါ်ဘိန်လွမ်)တို့၏တတိယသမီး၊ (ဦးစိန်ခွေး–ဒေါ်ယုံ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အမှတ် (၁၉၃)၊ ပထမထပ်နေ [ဗိုလ်ကြီးမြင့်ဆွေ(ခ)ဦးဝမ်ဟိန်း]၏ဇနီး၊ (ဦးဆင်စွမ်–ဒေါ်ကြည်တင်)၊ (ဦးရန်စိန်း–ဒေါ်မြမြစန်း)၊ ဒေါ်ကြည်ဝင်း၊ ဦးရန်အေး တို့၏ညီမ၊ ဒေါ်သန်းသန်းဝင်း၊ ဦးသန်းအောင် – ဒေါ်ဂလက်ဒစ်တို့၏ အစ်မ၊ မမြင့်မြင့်ကြည်၊ ကိုအေးကျော်–မညိုမီကံ၊ ကိုဝင်းနိုင်တို့၏မိခင်၊ မစဉ်နှိုင်းမမီကျော်၏ အဘွားသည် ၆–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၅–၂၀၀၄(စနေနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများနံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမကြီး
ဒေါ်တင်ရွှေ(၆၉)နှစ်
(ဗဟိုစည်)၊ (မေစတိုး)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၂၇၁)၊ အနော်ရထာလမ်းနေ (ဦးဟန်ခိုတင်)၏ ဇနီး၊ ဦးမြင့်ဦး–ဒေါ်အိအိသိန်း၊ ဦးဝင်းဟန်–ဒေါ်အေးမိစံ၊ ဦးမြင့်လွင်–ဒေါ်စိုးစိုးလှိုင် (Nitendo)၊ မအေးအေးခိုင်တို့၏ မိခင်၊ မရူပါဟန်၊ မောင်မြတ်မင်းထက်၊ မောင်သံလွင်၊ မဆုပြည့်စုံ၊ မောင်အံ့ထူးအောင်တို့၏ အဘွားသည် ၅–၅–၂၀၀၄ရက် နံနက် ၁း၁၀နာရီတွင်ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၇–၅–၂၀၀၄ (သောကြာနေ့)နံနက်၁၀နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။ (နေအိမ်မှကားများ နံနက်၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်မြနွယ်(၈၃)နှစ်
(အင်းစိန်၊ ထန်းတပင်)

ရန်ကုန်၊ အင်းစိန်မြို့နယ်၊ ဘုရင့်နောင်ရိပ်သာ(၂)လမ်း၊အမှတ်(၄၉)နေ (ဦးဘိုးဒေါင်း–ဒေါ်ခင်)တို့၏ သမီး၊ (ဦးမောင်ချစ်)၏ဇနီး၊(ဦးလှစိန်–ဒေါ်တင်–ဒေါ်သောင်းရွှေ)၊ (ဦးလှတင်)–ဒေါ်ငွေဆိုင်၊ (ဦးချစ်တင်)–ဒေါ်ခင်ညွန့်၊ ဦးချိန်ဝမ်–ဒေါ်မြကြည်၊ဦးသောင်းညွန့်–ဒေါ်ခင်မြိုင်၊ ဒေါ်မြရီ၊ (ဦးထွန်းအောင်)–ဒေါ်ခင်လှိုင်၊ ဦးသိန်း–(ဒေါ်သန်းသန်း)၊ ဦးခင်သန်းတို့၏ညီမ၊ အစ်မ၊အင်းစိန်မြို့ ဘုရင့်နောင်ရိပ်သာ(၂)လမ်းနေ ဦးသောင်းဟန်–ဒေါ်ခင်ရီ၊ ဦးတင်ဝင်း–ဒေါ်ကြည်ကြည်၊ ဦးအေးထွန်း–ဒေါ်ခင်မြင့်မြင့်တို့၏ မိခင်၊ မြေး၁၂ယောက်၊မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ရန်ကုန်မြို့ သုခကမ္ဘာဆေးခန်း၌ ၅–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၇–၅–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းတည့် ၁၂ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းအောင် (ခ)
စောချေဂ္ဂါ (၇၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၈၁၀)၊ ပထမထပ်နေ (ဦးစစ်ကိုင်း–ဒေါ်စိန်) ယခင်ကျောက်ဆူးဘီစကွတ်တို့၏ သား၊ (ဦးမောင်စိန် – ဒေါ်ရှောင်လန်း)တို့၏ သားသမက်၊ ဒေါ်ရင်ရင်၏ ခင်ပွန်း၊ ဦးဝင်းထိန်၊ ဒေါ်နီနီစော–ဦးလှဦး၊ ဦးဝင်းစိန် (Pukka Container Transport)–ဒေါ်ခင်ခင်စန်းတို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၆–၅–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၈–၅–၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအေးဟုန်(ခ)ဟုန်တွန်းဖု
အသက်(၆၁)နှစ်
(ခေတ်လိုက်ကုမ္ပဏီလီမိတက်)
(ဟင်္သာတ)

ဟင်္သာတမြို့နေ(ဦးဟန်ရှင်–ဒေါ်ကျင်ဆိုင်) တို့၏သား၊ မူဆယ်မြို့နေ(ဦးမောင်ရေး)–ဒေါ်ဆွဲ့ငင်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၃၀၆)နေ ဒေါ်နန်းလှကြည်၏ခင်ပွန်း၊ ဒေါ်ရှုဟုန်–(ဦးခင်မောင်မြင့်)၊ဦးကိုကိုကြီး၊ ဒေါ်ကျင်ထွေး–ဦးရွှေပေါ်တို့၏ညီ/မောင်၊ကိုပေါက်စ–မယုံစွမ်းတို့၏အစ်ကို၊ မနန်းတင်နွယ်အေး–ကိုဌေးလှိုင်စိုး၊ မနန်းဆွေလှိုင်အေး၊ မနန်းခင်သန္တာအေးတို့၏ ဖခင်၊ ကိုဖြိုး၏ အဘိုးသည် ၅–၅–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၇–၅–၂၀၀၄(သောကြာနေ့) နံနက်၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စောရီ (၈၉)နှစ်
(ဟင်္သာတ)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရတနာပုံလမ်း၊ အမှတ်(၇၅)နေ (ဦးဘိုးစိုး–ဒေါ်မြလေး)တို့၏ သမီး၊ (ဦးဘိုးတက်–ဒေါ်ငွေ)တို့၏ သမီးချွေးမ၊ (ဦးတင်မောင်၊အငြိမ်းစားဘဏ်မန်နေဂျာ)၏ ဇနီး၊ ဦးအောင်ခိုင်(ကပစ၊ စီမံကိန်း MEPE ရန်ကုန်) – ဒေါ်ကစ်တီဝေ၊ ဦးမျိုးမြင့်(ညွှန်/မှူး၊ အထွေထွေစီမံ၊ စွမ်းအင်ဝန်ကြီးဌာန) – ဒေါ်နွဲ့နွဲ့ရီ၊ ဒေါက်တာသန်းဝင်း – ဒေါက်တာညိုညိုကြိုင်(ကျန်းမာရေးဦးစီးဌာန)၊ ဦးကျော်ကျော် – ဒေါ်အေးအေး(တောင်ကြီး)၊ ဦးအောင်ကျော်ဝင်း (CE Green Light Co., Ltd.)–ဒေါ်သန်းသန်းဝေ၊ ဦးချင်မောင်မောင်လွင်(MD ဇေရာနဒီကုမ္ပဏီလီမိတက်)–ဒေါ်သင်းသင်းရီတို့၏ မိခင်၊ မြေး ၁၄ယောက်တို့၏အဘွားသည် ၆–၅–၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၈–၅–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[အမှတ်(၇၅)၊ ရတနာပုံလမ်း နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်မှီ (၇၄)နှစ်
(ညောင်လေးပင်မြို့)

ညောင်လေးပင်မြို့နေ (ဦးရုံဖိုး–ဒေါ်ဒေါ်ဆင့်)တို့၏ သမီး၊ ရန်ကုန်မြို့နေ (ဗိုလ်ကြီးသန်းနိုင်–ဒေါ်ခင်မြင့်တိ)တို့၏ ညီမ၊ (ဦးသိန်း၊ညွှန်/မှူး–ငြိမ်း၊ သစ်တောဦးစီးဌာန)–ဒေါ်ရီရီဆွေတို့၏ အစ်မ၊ ဗိုလ်မှူးကိုကိုနိုင် (အထွေထွေမန်နေဂျာ၊ ကုန်းလမ်းပို့ဆောင်ရေး) – ဒေါ်မာလာဖြူ(ကထိက၊ အဝေးသင်စီးပွားရေးတက္ကသိုလ်)၊ ဦးတင်စိုး(ပါမောက္ခချုပ်၊ ယဉ်ကျေးမှုတက္ကသိုလ်)–ဒေါ်သက်သက်နိုင် (ကထိက၊ အင်္ဂလိပ်စာဌာန၊ ယဉ်ကျေးမှုတက္ကသိုလ်)၊ ဗိုလ်မှူးမောင်မောင်စိန် (ငြိမ်း) (M.D စိန်သုံးလုံးကျောက်မျက်၊ Co., Ltd)–ဒေါ်ဖြူလေးနိုင်(တရားရုံးချုပ်ရှေ့နေ)၊ ဦးညီညီနိုင် (2nd Mate Hanseatic)–ဒေါ်ထွေးထွေးမြင့် (ဒါရိုက်တာ၊ စိန်သုံးလုံးကျောက်မျက်၊ Co., Ltd)၊ Capt. ဦးမောင်မောင်နိုင်–ဒေါ်နွယ်နွယ်ညွန့်၊ မောင်ဝင်းကိုကိုသိန်း (CYC)၊ မောင်နိုင်ကိုကိုသိန်း၊ မောင်ကောင်းဇံ – မဝင်းပပသိန်းတို့၏ အဒေါ်၊မြေး၁၃ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၆–၅–၂၀၀၄ရက်တွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၈–၅–၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[ဒဂုံ(မြောက်)နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး
ဆရာမကြီးဒေါ်မြမြဝင်း(ခ)
ဒေါ်မြမြ(၆၆)နှစ်
(ပုသိမ်)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ် (၆၁/ခ)၊ သုဒဿန(၁)လမ်း၊ ၁၆ရပ်ကွက်၊ အပိုင်း(၂)နေ ဦးညွန့်မောင်၏ဇနီး၊ ဦးခင်မောင်ဦး (Director Bagan Myanmar Customs Clearance Agency) – ဒေါ်ဆွေဆွေမြင့်၊ ဦးကျော်ကျော်မိုး (မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး၊ ဆိုင်နံပါတ်–၀၂၆၅)– ဒေါ်မိမိတင်တို့၏မိခင်၊ ဦးမြင့်သိန်း–ဒေါ်မြမြသန်း၊ ဦးထွန်းထွန်း (ဦးပဥ္စင်းဓမ္မရံသီ)တို့၏ အစ်မ၊ ဒေါက်တာအောင်ထွန်း–ဒေါ်သန္တာဝင်း၊ ဦးစိုးမင်းတို့၏အဒေါ်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်၏အဘွားသည် ၅–၅–၂၀၀၄ရက်တွင် အာရုတော်ဝင်ဆေးခန်း၌ ကွယ်လွန်ပါ၍ ၇–၅–၂၀၀၄ (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်အောင်(ခ)
ဒေါ်ကြည်အောင်ကျော်
အသက် (၅၉)နှစ်
အထက်တန်းသူနာပြု (ငြိမ်း)

တိုက်ကြီးမြို့၊ ကျိုက်စကိုင်းရွာနေ (ဦးသန်းကျော်)–ဒေါ်ဆစ်တိုတို့၏ သမီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သန္တာ (၁၇)လမ်းနေ(ဦးအေးချို)– ဒေါ်တင်ထွေးတို့၏ သမီးချွေးမ၊တိုက်ကြီးမြို့နယ်၊ကျိုက်စကိုင်းရွာနေ (မူလွန်၊အမက) ကျောင်းအုပ်ဆရာဦးမောင်ညွန့်၏ ဇနီး၊ ကိုအောင်ဆန်းလင်း၊ ကိုမြတ်သူရ–မအေးအေးခိုင်၊ ကိုအောင်ဆန်းမင်း – မသန်းသန်းလွင်တို့၏ မိခင်၊ မဟေမာန်အောင်ဆန်း၊ မောင်ကျော်ဆုသွေး၊ မနွယ်ဦးလှိုင်တို့၏ အဘွားသည် ၆–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၅–၂၀၀၄ (စနေနေ့) မွန်းလွဲ ၂နာရီတွင် တိုက်ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်း ဒါယကာကြီး
ဦးမြင့်သိန်း(ခ)ဦးအီဟော အသက်(၈၀)
(ဘိုကလေး)

ဘိုကလေးမြို့နေ(ဦးကြာငန်း–ဒေါ်ကျင်မြိုင်)တို့၏ သား၊ ဦးသက်ဇင်(ခ)ဦးအီလျှောင်–ဒေါ်တင်ရွှေတို့၏ညီ၊ ရန်ကုန်မြို့၊ ကိုင်းတန်းလမ်း၊အမှတ် (၃၂)နေ ဦးကျင်မောင်–ဒေါ်စိန်စိန်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊အမှတ်(၄၈)၊ ၈လမ်း၊ ပထမထပ်နေ ဒေါ်ကျော့စိန်၏ ခင်ပွန်း၊ ဦးသန်းစိုး–ဒေါက်တာဒေါ်မြင့်မြင့်သိန်း၊ဦးခင်စိုး–ဒေါ်ခင်စမ်းရီ၊ ဦးအောင်ကျော်ညွန့်–ဒေါ်ခင်ဌေးရီ၊ ဦးကျော်စိုး–ဒေါ်ခင်နွဲ့ရီ၊ ဘိုကလေးမြို့နေ ဦးအောင်စိုး–ဒေါ်မာမာခိုင်တို့၏ဖခင်၊ မြေး၁၄ယောက်တို့၏အဘိုးသည် ၅–၅–၂၀၀၄ရက်တွင် ဗဟိုစည်အထူးဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၇–၅–၂၀၀၄ရက် နံနက်၁၀နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ်၄၈၊ ၈လမ်းနေအိမ်မှ ကားများ နံနက်၉နာရီတွင်ထွက်ပါမည်။)ကွယ်လွန်သူအားရည်စူး၍ ၁၁–၅–၂၀၀၄(အင်္ဂါနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောဖော်တာလူး (၇၆)နှစ်
ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)၊ ဆည်မြောင်းဦးစီးဌာန

မ/၅၈(ခ)တောင်သူကုန်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးယူဂျင်းလူး–ဒေါ်ကက်သရင်းဖိုးမြတ်)တို့၏သားကြီး၊ (ဒေါက်တာစောအယ်လ်ဖိုးရာလူး–နော်စေးစေးဖော)၊ (နော်အဲဘရက်တာလူး)–ဦးစောကျော်လှ၊ (ဦးစောရှော့စကိုလူး)–နော်ကျင်ရီ၊ (ဦးစောဆိုင်းလပ်စ်လူး)–ဒေါ်လှမြင့်၊ ဒေါ်ဘီအက်ထရစ်လူး–ဦးစောမေးလယ်၊ ဦးစောဂျွန်လူး–ဒေါ်သောင်းမြ၊ နော်ချားရတီလူး–ဦးစောအီးနော့တို့၏ အစ်ကိုကြီး ဦးစောဖော်တာလူးသည် ၆–၅–၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၈–၅–၂၀၀၄(စနေနေ့)နံနက် ၉နာရီတွင် ပြည်လမ်း၊ ယုဒသဿန်ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုကိုးကွယ် ပြီး ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အင်းစိန်နှင့် ရွှေပြည်သာနေအိမ်တို့မှကားများ နံနက်၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စိန်
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၂)၊ (၅၃)လမ်းနေ (ရွှေဒုံးထွန်းလွင်)၏ဇနီး၊ နောင်ထွန်းလွင်(ရုပ်ရှင်ဒါရိုက်တာ)၊ ဒေါ်တင်တင်မြင့်၊ ညီညီထွန်းလွင်(ရုပ်ရှင်ဒါရိုက်တာ)၊ ဒေါ်ယဉ်ထွန်းလွင်(အလပြဆရာမ)တို့၏ မိခင် ဒေါ်ခင်စိန်သည် ၆–၅–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၈–၅–၂၀၀၄(စနေနေ့) မွန်းလွဲ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်တင်စိန် (၆၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဇေယျာ(၁)လမ်း၊ အမှတ် (၄၆၂)နေ (ဦးဘချစ်–ဒေါ်လှအုန်း)တို့၏ သမီး၊ ဦးသန်းလှ၏ ဇနီး၊ ဦးဉာဏ်တင်–ဒေါ်မြင့်မြင့်ကြည်၊ ဦးဉာဏ်ရင်–ဒေါ်ခင်မာချို၊ဒေါ်ဝင်းတင်–ဦးရှင်းဟုတ်၊ဒေါ်သန်းဌေး–ဦးအောင်တင်ရွှေ၊ ဒေါ်အေးအေးစန်း–ဦးလှဝင်း၊ ဒေါ်မြင့်မြင့်လေး–ဦးမြင့်လွင်၊ မောင်အောင်မြင့်ကြိုင်တို့၏ မိခင်ကြီး၊ မြေး ၁၄ယောက်တို့၏ အဘွားသည် ၆–၅–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၈–၅–၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါ မည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း
ဦးစောဖော်တာလူး(၇၆)နှစ်
ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
ဆည်မြောင်းဦးစီးဌာန

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အမှတ် မ/၅၈(ခ)၊ တောင်သူကုန်းလမ်း၊ တောင်သူကုန်းရပ်ကွက်နေ (ဦးယူဂျင်းလူး–ဒေါ်ကက်သရင်းဖိုးမြတ်)တို့၏ သားကြီး၊(ဒေါ်ဟယ်လင်လူး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကျော်ဇော–(ဒေါ်ဟဲနာသင်း)၊ ဒေါ်ဂျယ်နီလူး–ဦးဗစ်တာမိုင်းနပ်စ်၊ ဒေါ်စင်ဒီလူး–ဦးရဲထွဋ်သိန်း၊ ဒေါ်ကေသီလူး–ဦးစောလူးသယ်၊ ဒေါ်ဝင်ဒီလူး–ဒေါက်တာစောခင်မောင်ထွေး၊ ဦးအောင်ကျော်လတ်–ဒေါက်တာနော်ဝါးဆက်ဖိုး၊ ဦးအောင်ကျော်ထွေး – ဒေါက်တာနော်ခေမာချိန်တို့၏ဖခင်၊ မြေး၁၆ယောက်တို့၏ အဘိုးသည် ၆–၅–၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၈–၅–၂၀၀၄ (စနေနေ့) နံနက် ၉နာရီတွင် ပြည်လမ်း၊ ယုဒသဿန်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီးရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အင်းစိန်နှင့် ရွှေပြည်သာ နေအိမ်မှ ကားများ နံနက် ၈နာရီ ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးဌေးမြင့်(ကိုသားငယ်)
အသက်(၄၃)နှစ်
စီဒီစီ–၁၂၃၈၃
အထက(၁) မင်္ဂလာတောင်ညွန့်
ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၂)လမ်း၊အမှတ်(၂၁)နေ (ဦးလှမောင်)–ဒေါ်အုန်းကျင်တို့၏ သား၊ ဦးအေးမြင့်–ဒေါ်မိုးကြည်တို့၏ ညီ/မောင်၊ မကျော့ကျော့ခိုင် (Omic Myanmar Co., Ltd.)၊ မောင်ဘုန်းမော်တို့၏ အစ်ကိုကြီးသည် ၆–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၅–၂၀၀၄(စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၂၁)၊ (၁၂)လမ်း နေအိမ်နှင့် အမှတ်(၈)၊ (၁၂၈)လမ်း နေအိမ်တို့မှ ကားများ နံနက်၁၁း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး
ဦးကျော်(၆၉)နှစ်
တပ်ကြပ်–ငြိမ်း
ကုန်သွယ်ရေး(၁၀)
ဆေးနှင့်ဆေးပစ္စည်း(ငြိမ်း)
(ညောင်တုန်း၊ပန်းတနော်)

ညောင်တုန်းမြို့နေ (ဦးဘသန်း–ဒေါ်မြသွေး)တို့၏ သား၊ (ဦးဘခင်–ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ဒေါ်ခင်လှ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးစိုးမြင့်)–ဒေါ်ခင်ရီတို့၏မောင်၊ (ဦးသိန်းဟန်)–ဒေါ်စုတို့၏ အစ်ကို၊ (ဦးအေးသွင်)–ဒေါ်ကြည်ဌေး၊ ဦးလင်းအောင်–ဒေါ်လှလှဝင်း၊ ဦးဝင်းတင့်–ဒေါ်ယဉ်ယဉ်အေး၊ ဦးခင်ညို– ဒေါ်ဝင်းဝင်းခိုင်၊ ဦးမြကြိုင်–ဒေါ်သဇင်ညွန့်၊ဒေါ်ယဉ်ယဉ်နွယ်၊ ဦးငြိမ်းအေး–ဒေါ်ကြူကြူဝင်း၊ ဦးသစ်ဆန်း–ဒေါ်သဥ္ဇာကျော်တို့၏မွေးသဖခင်၊ မြေး၁၉ယောက်တို့၏ အဘိုးသည် ၆–၅–၂၀၀၄ရက်တွင် အမှတ်(၇၉/၁)၊ တတိုင်းမွေးလမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်တွင် ကွယ်လွန်သွားပါ၍ ၈–၅–၂၀၀၄(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

တီးခေးချောင်း(ခ)
ဦးမင်းလွင်
အသက် (၅၅)နှစ်

ရန်ကုန်မြို့နေ (ဦးအေးစ)–ဒေါ်ကင်အိန်းတို့၏သား၊ ရန်ကုန်မြို့၊ ၁၈လမ်း၊ အမှတ်(၃၀)နေ ဒေါ်မြကြည်၏ ခင်ပွန်း၊ မသင်ဇာလွင်(သတ္တမတန်း၊အထက–၂၊ လသာ)၏ ဖခင်သည် ၅–၅–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၇–၅–၂၀၀၄ရက် နံနက်၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ဆေးရုံကြီးမှ ကားများ နံနက် ၁၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြား

ရန်ကုန် မေ ၆

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၀၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းစစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်မှူးချုပ်သိန်းထိုက်၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်ချုပ်သိန်းထွန်း၊ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဗိုလ်ချုပ်တင်ထွန်း၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်စိန်လင်းနှင့် ဗိုလ်မှူးချုပ်အေးမြင့်၊ ဒုတိယဝန်ကြီးများ၊ ဗထူးတပ်နယ်မှူးနှင့် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့ *

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၇) သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း အမှတ်(၁၂၈) ဗိုလ်လောင်းထွန်းထွန်းဦးအား ငွေဓားဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထူးစွမ်းဆောင်ပေးနေ ပညာရှင်များ ပိုမိုကျယ်ပြန့်စွာ သင်ကြားပို့ချနိုင်ရန်၊ သုတေသနပြုနိုင်ရန် ဖန်တီးပေး အကြံပြုချက်များ၊ ရှာဖွေတွေ့ရှိချက်များ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများဖော်ဆောင်

ရန်ကုန် မေ ၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေး လုပ်ငန်း ဗဟိုဌာနအဆောက်အအုံခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ စတုတ္ထ နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သစ်တောရေးရာ ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပညာရှင်များ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံနည်းပညာရှင်အဖွဲ့နှင့် မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ စတုတ္ထနှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားအပြီး အဖွဲ့၏ သုတေသနပြု ဆောင်ရွက်ချက်များနှင့် လုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုမှတ်တမ်း ပြခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)